# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၉ရက်၊ ကြာသပတေးနေ့၊ အတွဲ(၉၈)၊ အမှတ်(၃၃၉)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၀ခုနှစ် စက်တင်ဘာ ၉ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၀ခုနှစ် စက်တင်ဘာ ၉ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၀ခုနှစ် စက်တင်ဘာ ၉ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချိုရောင်ရင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားပြခန်း၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံစာတတ်မြောက်ရေး လှုပ်ရှားမှုပြကွက်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်းမြင့်မားသည့် နိုင်ငံဖြစ် စာတတ်မြောက်မှုနှုန်းမြင့်မားမှုသည် နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြင့်မားမှုကို ဖော်ပြနေ

## အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်မပြတ်ပညာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် မြန်မာ့လူ့အဖွဲ့အစည်းကို အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ထူထောင်နိုင်အောင်ကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၁၀ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့များနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများနှင့် ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

9-9 (01).pmd 1 9/9/2010, 2:11 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် စက်တင်ဘာ ၉ ရက်)

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး အမျိုးသားရေးတာဝန်အဖြစ် ခံယူလျက် ဝိုင်းဝန်းဖော်ဆောင်

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားထုတစ်ရပ်လုံး၊ ကမ္ဘာ့နိုင်ငံအားလုံးကို ခြိမ်းခြောက်လျက်ရှိပြီး နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး အန္တရာယ်ပေးလျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီးနှင့် ကင်းဝေးစေရေးအတွက် လူတိုင်း မူးယစ်ဆေးဝါးအန္တရာယ်ကို နားလည်သဘောပေါက်ရန်၊ ပညာပေးရန် အထူးလိုအပ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အထူးသဖြင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်စသော ရောဂါဆိုးများရရှိပြီး သေဆုံးကြရသည်။ ငယ်ရွယ်စဉ်ဘဝတွင်ပင် မူးယစ်ဆေးဝါး၏ သားကောင်ဘဝရောက်ရှိခဲ့ရသူများအတွက် ၎င်းတို့၏ မိဘများအနေဖြင့် ယူကျုံးမရဖြစ်ကြရသည်။ နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုဖြစ်ရသည်။

ယင်းသို့ ကောင်းကျိုးမပေးသည့် မူးယစ်ဆေးကို မည်သူမျှ မည်သည့်နည်းနှင့်မျှ သုံးစွဲခြင်းမျိုးမရှိရန် ပြည်သူလူထုတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများကိုသော်လည်းကောင်း အသိပညာဖြန့်ဖြူးပေးဝေခြင်း၊ ပညာပေးစည်းရုံးခြင်းများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဓာတုပစ္စည်းများကို အခြေခံ၍ သိပ္ပံနည်းအရဖော်စပ်ထုတ်လုပ်သည့် မူးယစ်ဆေးပြားများနေရာယူမှုကို အရှိန်အဟုန်မြှင့်ကာ တားဆီးနှိမ်နင်းလျက်ရှိသည်။ မူးယစ်ဆေး လက်ဝယ်ထားရှိသုံးစွဲနေသူများကိုသာမက မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်နေသူများကိုပါ ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့သည်။

အနာဂတ်မျိုးဆက်သစ်များအဖြစ် လူသားထုတစ်ရပ်လုံးက အမြတ်တနိုး ပျိုးထောင်စောင့်ရှောက်နေရသော လူငယ်ထုအတွင်း အများဆုံးကြုံတွေ့ခံစားကြရလျက်ရှိသည့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကာကွယ်တားဆီး တိုက်ဖျက်သွားကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးရှိလျှင် လုံခြုံဘေးကင်း အန္တရာယ်ရှင်းရန်မဖြစ်နိုင်၍ မူးယစ်ဆေးဝါးကိုလုံးဝအမြစ်ပြတ် သုတ်သင်ဖယ်ရှား ရှောင်ကြဉ်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သည့် မိသားစုဘဝကို ရရှိမည်ဖြစ်သည်။

သို့ဖြစ်ပေရာ မိမိ၏ မိသားစုဘဝမှအစပြု၍ လူသားထုတစ်ရပ်လုံး၏ဘဝ ကျန်းမာပျော်ရွှင်စွာနေနိုင်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် ဝိုင်းဝန်းဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည် ။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း အမ်းတပ်နယ်မိသားစုများအား တွေ့ဆုံမှာကြား

နေပြည်တော် စက်တင်ဘာ ၈

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်းသည် စက်တင်ဘာ ၂ရက်က အမ်းမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

### ရင်းရင်းနှီးနှီး

ထို့နောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## သန့်ရှင်းရေး ဆောင်ရွက်

ကွမ်းလုံမြို့နယ်အတွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲယာတွင် ပန်းအလှပင်များ ဖြည့်စွက်စိုက်ပျိုးခြင်း၊ပန်းပေါင်များ သန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဩဂုတ် ၁၅ရက်က အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မင်းထွန်းတို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၁၀-၉-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (အင်္ဂုလိမာလသုတ်+ ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (မေတ္တာတရား)
၈း၃၅ တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (Intermediate Level)
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း (ရှာသုံးမှန်းခြေ) နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ Music Talk တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရင်ခုန်စီးဆင်းအနုပညာသတင်း (၇)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ ဆီနဲ့ရေ
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ကုံ့ကော်တေးမျိုးအောင်) စီးပွားရေးဦးတည်ချက်
၂၀း၄၀ တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (ရဲရင့်သတ္တိရှိခြင်း)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။



## အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အင်းစိန် အလက (၄)၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၌ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အာဟာရကျွေးပွဲကို ဩဂုတ် ၂၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းနှင့်ဆရာ ဆရာမများ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထက(၂) အင်းစိန်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်း၊ အလက (၁) အင်းစိန်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နီတို့ တက်ရောက်ကြသည်။

### လှူဒါန်း

သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကြက်သားဆန်ပြုတ်နှင့် အာဟာရရှိသော အစားအစာ သစ်သီးမျိုးစုံတို့ကို မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ စေတနာရှင်များ စုပေါင်းလှူဒါန်းကြသည်။

(အပေါ်ပုံ) (၁၁၃)



## စာအုပ် စာပေ လူ့မိတ်ဆွေ

## ကျွမ်းကျင်သူနှင့်မွေးဖွားမှုနှုန်းမြှင့်တင်ရေး ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲ သံဖြူဇရပ်၌ကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၈

ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများအား ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်း မြှင့်တင်ရေးအသိပညာပေးဆွေးနွေးပွဲနှင့် သင်တန်းကို ဩဂုတ် ၃၀ရက်က သံဖြူဇရပ်မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရ၊ မျိုးဆက်ပွားကျန်းမာရေး ကွင်းဆင်းအရာရှိ ဒေါက်တာခင်အေးခိုင်နှင့် မြို့နယ်သူနာပြု ဒေါ်နန်းစံတစ်တို့က သင်ကြားပို့ချပေးသည်။ သင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများနှင့် ဆေးရုံသူနာပြု ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ) (မြို့နယ်ကျန်းမာရေး)



# ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၁၀)သင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**နှုတ်ဆက်အားပေး**

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အဆိုပါ သင်တန်းတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၉ဦးတို့သည် ရက်သတ္တခြောက်ပတ်ကြာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၇/၂၀၁၀)ကို ဩဂုတ် ၂၅ရက်က ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စစ်တွေခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် စစ်တွေမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူးဦးကျော်မြင့်က ရွေးကောက်ပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်အုပ်ရေ ခန့်မှန်းတွက်ချက်မှု၊ မဲပုံးများရောက်ရှိလာမည့်အခြေအနေ၊ နိုင်ငံရေးပါတီများမှ စုဝေးဟောပြောခွင့်တင်ပြလာပါက စိစစ်ရမည့်ကိစ္စရပ်များကို ဆွေးနွေးကာ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက မိမိတို့တာဝန်ကျသည့်နယ်မြေများသို့ ကွင်းဆင်းဆောင်ရွက်မှုနှင့် ကြီးကြပ်ကွပ်ကဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရပ်စောက်မြို့လယ် နဂါးပတ်ချောင်း(ရေကြည်ချောင်း) သန့်ရှင်းသပ်ရပ်သာယာလှပစေရေးအတွက် အလှူရှင် ဦးစိန်သန်းဦး(ကုမ္ပဏီ)၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ချောင်းကမ်းပါးကျောက်ရိုးစီ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းညွန့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# လူကုန်ကူးမှု တိုက်ဖျက်ရေး ရေးမြို့၌ ဟောပြော

**ရေး စက်တင်ဘာ ၈**

ရေးမြို့နယ် လူကုန်ကူးမှုတိုက်ဖျက်ရေး ဟောပြောပွဲကို ဩဂုတ် ၂၁ရက် နံနက် ၁၀ နာရီက ရေးမြို့ အထက (၂)ကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်သက်သက်စိုးက အမှာစကား ပြောကြားပြီး **(ဝဲပုံ)** မြို့နယ်တရားသူကြီး ဦးနီထွန်းဦးက လူကုန်ကူးမှုဆိုင်ရာ ဥပဒေနှင့် ပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ ဒုတိယရဲအုပ် ဌေးလွင်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **(မြို့နယ်အမျိုးသမီးရေးရာ)**

## မြဝတီရုပ်မြင်သံကြား

**၉-၉-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၂၀ | ၃။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဦးခိုက်ပူဇော် မိုးကုတ်ဆရာတော် |
| ၇း၃၀ | ၄။ | ဓမ္မပူဇာတေး |
| ၇း၃၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၇း၄၀ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၄၅ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇း၅၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၃၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၄၀ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ၅။ | မွေးမြူသုတ |
| ၄း၅၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | ၇။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅း၃၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၁။ | လျှပ်တစ်ပြက် |
| ၆း၃၀ | ၁၂။ | ထူးဆန်းထွေလာ မျက်လှည့်ပညာ |
| ၆း၄၅ | ၁၃။ | ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၂) |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ကြိုးယှက်နွယ်** (အပိုင်း-၆) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | အနုပညာရှင်၏တစ်နေ့တာ |
| | ၂၀။ | ကုန်သွယ်သုတ |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၁၄) |
| | ၂၃။ | ဂီတရင်ခုန်သံ |

**နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာထွန်းထွန်းနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် စက်တင်ဘာ ၅ ရက်က ဘုရင့်နောင်ရပ်ကွက်ရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်စဉ်။**

(၀၉၁)





# ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၁၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ်သံတွဲခရိုင် တောင်ကုတ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ၁၂လမ်း အမှတ် ၁၈၈ နေ စာရေးဆရာ ဒွါရာဝတီ ဦးမောင်ကြီး (ခင်မောင်ထွေး-တောင်ကုတ်)- ဒေါ်စုစုကြည် မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၆ ရက်က သိမ်ဖြူလမ်း မင်္ဂလာရာမကျောင်း၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး အလှူငွေများကို တောင်ကုတ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျောက်တောင်သို့ ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

**အသုံးပြုမည်**

ထို့နောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျောက်တောင်က ကျေးဇူးတင်စကားပြောကြားပြီး အလှူငွေများကို တောင်ကုတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများနှင့်သက်ဆိုင်သည့် လုပ်ငန်းတွင် အသုံးပြုမည်ဖြစ်ကြောင်း ပြောကြားသည်။ **(၁၁၃)**

# အဆင့်မြင့်နည်းပညာအသစ်များပြသမည်

True Value
Your One Stop Solution Partner

**မန္တလေး စက်တင်ဘာ ၈**

အဆင့်မြင့်နည်းပညာများ၏ လက်တွေ့အသုံးဝင် အကျိုးရှိပုံကို လက်ခံသုံးစွဲလာပြီးဖြစ်၍ ICT Expo 2010 (မန္တလေး)တွင် True Value မှ အဆင့်မြင့် နည်းပညာအသစ်အဆန်းများနှင့် Solution များ ဝင်ရောက်ပြသမည် ဖြစ်သည်။ True Value မှ RTTS (ယာဉ်ရောက်ရှိရာနေရာကို အချိန်နှင့်တစ်ပြေးညီ သိနိုင်သည့်စနစ်) Car Black Box (ယာဉ်သွားရာတစ်လျှောက် ဗီဒီယိုပုံရိပ်များနှင့် အသံများမှတ်သားနိုင်သောစနစ်)၊ GPS စနစ်ပါသော မိမိသွားသည့်လမ်းကြောင်းများ ပြန်လည်ကြည့်နိုင်သည့်စနစ်၊ Telephone Voice Logging System (တယ်လီဖုန်းမှတ်တမ်းစနစ်)၊ Home Security System (မိမိအိမ်လုံခြုံရေးအတွက် Alarm မြည်စနစ်နှင့် မိမိ၏ဖုန်းသို့အချက်ပေးစနစ်)၊ RFID ကတ် (Radio Frequency Identification)ဖြင့် လူအဝင်အထွက်ထိန်းချုပ်ခြင်း၊ တံခါးဖွင့်ပိတ်ခြင်း၊ နယ်နိမိတ်သတ်မှတ်ပေးခြင်းစနစ်၊ လုံခြုံရေးကင်မရာများ (CCTV) တပ်ဆင်ပေးခြင်းစနစ်၊ Wireless Service Bell (Bell ခလုတ်ကို နှိပ်လိုက်ခြင်းဖြင့် Receiver တွင် အသံမြည်လာသည့်စနစ်)စသည့် စနစ်များကို ICT Expo 2010 (မန္တလေး)၌ ကျင်းပသော ကာလဖြစ်သည့် စက်တင်ဘာ ၁၀ရက်မှ ၁၂ရက်အတွင်း အထူးအစီအစဉ်အဖြစ် ၁၀ရာခိုင်နှုန်း Discounts ဖြင့် ရောင်းချပေးမည် ဖြစ်သည်။

Real Time Tracking System သည် မော်တော်ယာဉ်များကို ယာဉ်သွားလာနေစဉ်အချိန်တွင် မော်တော်ယာဉ်၏ အမြန်နှုန်း၊ မိုင်၊ ကီလိုအကွာအဝေး၊ မော်တော်ယာဉ်၏ ဦးတည်ရာလမ်းကြောင်းကို ကြည့်ရှုနိုင်မည့်အပြင် လိုအပ်ပါက မော်တော်ယာဉ်မောင်းသူနှင့် Two Way စကားပြောဆိုနိုင်သည်။

Car Black Box သည် မော်တော်ယာဉ်မောင်းနှင်နေစဉ်တစ်လျှောက်ရှိ ပုံရိပ်များနှင့် အသံများကို Video & Voice မှတ်သားထားနိုင်သောကြောင့် ရုတ်တရက် Accidents ဖြစ်ပါက မှတ်သားထားသည်များကို ပြန်လည်ကြည့်ရှုနိုင်ပါသည်။ ကားသွားရာလမ်းကြောင်းတစ်လျှောက် ပုံရိပ် (Movies) များကို နေ့ရော ညပါ ကြည့်ရှုနိုင်သည်။

GPS ပါရှိသော Keychain၊ နာရီ၊ Datalogger များဖြင့် သွားရောက်ခဲ့သည့် လမ်းကြောင်းများ၊ ဓာတ်ပုံများအား မြေပုံပေါ်တွင် ပြန်လည်ကြည့်ရှုနိုင်သည်။ Telephone Voice Logging System (တယ်လီဖုန်းမှတ်တမ်းတင်စနစ်)သည် မိမိလုပ်ငန်းများ၏ Service (ဝန်ဆောင်မှု)အပိုင်း မြှင့်တင်ရေးအတွက် တယ်လီဖုန်းများ၏ ပြောဆိုဆွေးနွေးမှုများ၊ Phone ပြောချိန်၊ နေ့ရက်၊ အဝင်အထွက် နံပါတ်များကို SD Card ဖြင့် သိမ်းဆည်း၍ ရက်ပေါင်း ၉၀ Record လုပ်နိုင်သည့်ပစ္စည်းဖြစ်သည်။

True Value ၏ Solutions များကို စိတ်ဝင်စားပါက True Value ရန်ကုန်ရုံး အမှတ် ၃၅၁ အခန်း ၁၀၃ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း -၀၉-၈၀၂၂၀၂၅၊ မန္တလေးရုံး အမှတ် (၅) ၂၆လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား ဖုန်း-၀၂-၂၁၅၇၂နှင့် နေပြည်တော်ရုံး သပြေကုန်းဈေး အနောက်မြောက်အဝိုင်း နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

အီရတ် - အာဖဂန်သတင်းများ အီရတ် - အာဖဂန်သတင်းများ အီရတ် - အာဖဂန်သတင်းများ

# ဘဂ္ဂဒက်တောင်ပိုင်း၌ ဗုံးနှစ်လုံးပေါက်ကွဲ၊ ခြောက်ဦးသေဆုံးပြီး ၃၅ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၈

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ လူစည်ကားရာအရပ်၌ စက်တင်ဘာ ၈ရက်က ကားဗုံးနှင့် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ခြောက်ဦးသေဆုံးပြီး ၃၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။**

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုမှာ ဘဂ္ဂဒက်တောင်ပိုင်း အယ်ဘိုင်ယားအရပ် လူစည်ကားရာ ယာဉ်ရပ်နားစခန်းတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းဗုံးပေါက်ကွဲပြီး မိနစ်ပိုင်းအကြာ ယင်းနေရာ၌ပင် ဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ကြောင်း အီရတ်ပြည်ထဲရေး သတင်းရပ်ကွက်က ဆင်ဟွာသို့ သတင်းပေးသည်။



### ပြောကြား

ယင်းဗုံးခွဲတိုက်ခိုက်ရာ မြင်ကွင်းမှ ထိခိုက်သေကျေဒဏ်ရာရရှိသူများအား လူနာတင်ယာဉ်များဖြင့် သယ်ဆောင်သွားချိန် အီရတ်လုံခြုံရေးတပ်များကလည်း ရှင်းလင်းရေး ပြုလုပ်နေကြောင်း၊ သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း ၎င်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

### ဆက်လက်ဖြစ်ပွား

အမေရိကန်တပ်များ အီရတ်မှ စစ်ရေးပြီးဆုံးကြောင်း ကြေညာပြီးနောက် အီရတ်လုံခြုံရေးတပ်များက နိုင်ငံ ပုံမှန်တည်ငြိမ်မှုရအောင် ကြိုးစားနေချိန်တွင် ယခုကဲ့သို့ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ **(ယာပုံ)**

**အမ်အင်န်အေ၊ ဆင်ဟွာ**

# အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

### အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၈ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၃၃၈၁**ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၂၇၁၅**ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၃၃၈၁ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၂၇၁၅ ဦး |

(အင်တာနက်)

# အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် စက်တင်ဘာ ၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

### အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၈ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၁၂၁**ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၃၉၇၆၇**ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၁၂၁ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၃၉၇၆၇ ဦး |

(အင်တာနက်)

**ဆေးကုသ**

**အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာ ဆေးရုံ၌ အသေခံ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ တစ်ဦးအား ဆေးကုသပေးနေသည်ကို စက်တင်ဘာ ၈ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)



# အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၈

**အီရတ်နိုင်ငံတစ်ဝန်း နေ့စဉ် တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ ၎င်းတိုက်ခိုက်မှုများအနက် စက်တင်ဘာ ၈ရက် တစ်ရက်တည်းပင် နေရာအချို့၌ တိုက်ခိုက်မှုများဖြစ်ခဲ့ပြီး လူအချို့သေဆုံးခဲ့ရသည်။ အဆိုပါ တိုက်ခိုက်မှုများကို ဖော်ပြရပါလျှင်-**

### ဘဂ္ဂဒက်

ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်း ဘေယာခရိုင်ရှိ ဆေးရုံတစ်ရုံအနီးတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် သေနတ်သမားလေးဦးက ကားမောင်းရင်း သေနတ်နှင့်ပစ်ခတ်ခဲ့သဖြင့် ရဲအရာရှိတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

### မိုဆူးလ်

ဘဂ္ဂဒက်မြို့နှင့် ကီလိုမီတာ ၃၉၀ ဝေးသော မိုဆူးလ်မြို့အလယ်ပိုင်းတွင် သေနတ်သမား၏ ပစ်ခတ်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

### ကယ်ကွတ်

ဘဂ္ဂဒက်မြို့နှင့် ကီလိုမီတာ၂၅၀ အကွာတွင်ရှိသော ကယ်ကွတ်မြို့ တောင်ဘက်၌ ယာဉ်ရပ်နားရာ နေရာတစ်ခု၌ ရဲတပ်ဖွဲ့ဝင် တစ်ဦးအပါအဝင် သေဆုံးနေသူ အလောင်းနှစ်လောင်းကို အီရတ်ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ကြောင်း သိရသည်။ ၎င်းသေဆုံးသူများသည် သေနတ်ကျည်ဆန်မှန်၍ သေဆုံးခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ ရိုက်တာ**

# အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအား အီရတ်လက်နက်ကိုင်က ပစ်သတ်ခဲ့

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံ မြောက်ပိုင်း၌ အီရတ်စစ်ယူနီဖောင်း ဝတ်ဆင်ထားသည့် လက်နက်ကိုင်တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအား ပစ်သတ်လိုက်ကြောင်း စက်တင်ဘာ ၇ရက်တွင် သတင်း၌ ဖော်ပြသည်။

အဆိုပါ ဖြစ်စဉ်မှာ ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၂၀၀အကွာ တွက်ခ်ိရှူမာတိုမြို့အနီး အီရတ်စစ်အခြေစိုက်စခန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမှတ်(၄)တပ်ရင်းမှ အီရတ်တပ်ဖွဲ့ဝင်တစ်ဦးက အဆိုပါ စစ်အခြေစိုက်စခန်း၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် စကားများ ရန်ဖြစ်ကြရာမှ ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အချို့ဒဏ်ရာရခဲ့ကြောင်း၊ ၎င်းတပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၄၁၈ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

# အာဖဂန်စစ်ပွဲအတွက် နိုင်ငံခြားတပ်ဖွဲ့ဝင် ၂၀၀၀ ထပ်မံလိုအပ် အမေရိကန် ဗိုလ်ချုပ်ကြီး ပက်ထရီယပ်တောင်းဆို

ကဘူးလ် စက်တင်ဘာ ၈

**အာဖဂန်နစ္စတန်နိုင်ငံကို လွန်ခဲ့သည့် ကိုးနှစ် ၂၀၀၁ခုနှစ်ကတည်းက အမေရိကန်ဦးဆောင်သည့်တပ်များ ဝင်ရောက်ပြီးနောက်ပိုင်း ယခုနှစ်သည် နိုင်ငံခြားတပ်ဖွဲ့ဝင်များ အသေအပျောက်အများဆုံးနှစ်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။**

လောလောဆယ်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၅၀၀၀၀ခန့်ရှိရာ နောက်ထပ် တပ်ဖွဲ့ဝင် ၂၀၀၀လိုအပ်ကြောင်း၊ ၎င်းတို့သည် အဓိကအားဖြင့် အာဖဂန်လုံခြုံရေး တပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးစေရန် ရည်ရွယ်ကြောင်းဖြင့် အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်ဖွဲ့များ၏ တပ်မှူးဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရီယပ်က ပြောကြားလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ နိုင်ငံခြားတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးကို ယခုအခါဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရီယပ်က ပြောကြားသည်ဟု နေတိုးအရာရှိတစ်ဦးက ပြောဆိုသည်။ **(အင်တာနက်)**

# ဘဂ္ဂဒက်၌ သတင်းထောက်တစ်ဦး ပစ်ခတ်ခံရ၍ သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အနောက်ဘက်ရှိ ရုပ်မြင်သံကြားအသံလွှင့်ဌာနမှ သတင်းထောက်တစ်ဦး စက်တင်ဘာ ၇ရက်က သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံပိုင် ရုပ်မြင်သံကြားဌာန၌ အစီအစဉ်ကြေညာသူ ရီယာ့ဒ်အယ်လ်ဆာရာရီသည် ယင်းနေ့နံနက်ပိုင်းက အသံလွှင့်ဌာနသို့ သွားရောက်စဉ်အတွင်း သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် ၎င်း၏ကားပေါ်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းရပ်ကွက်၏ ပြောကြားချက်ကို ဆင်ဟွာသတင်း၌ ဖော်ပြသည်။ ၂၀၀၃ ခုနှစ် မတ်လ အမေရိကန် ဦးဆောင်စစ်ပွဲများ စတင်ကတည်းက အီရတ်၌ သေဆုံးသည့် သတင်းထောက်ပေါင်း၂၇၅ဦး ရှိသွားပြီဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ ရဲတပ်ဖွဲ့ဝင်များ၏ အိမ်ရာဝင်းအတွင်း စက်တင်ဘာ ၇ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)



# မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

➤ အာကာကျော်-စုစည်းသည် ➤

## နယူးဇီလန်တွင် အားပြင်းငလျင်ထပ်မံလှုပ် နေအိမ်နှင့်အဆောက်အအုံများ ဗုန်းဗုန်းလဲပြိုကျ

*ခရစ်ချပ် စက်တင်ဘာ ၈*

နယူးဇီလန်နိုင်ငံ ငလျင်ဒဏ်ခံရသည့် ခရစ်ချပ်မြို့တွင် စက်တင်ဘာ ၈ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိ အားပြင်းငလျင် ထပ်မံလှုပ်ခဲ့သဖြင့် နေအိမ်အများအပြား ပြိုကျသွားခဲ့ကြောင်း နယူးဇီလန်တာဝန်ရှိသူများက ပြောကြားသည်။



### ပြိုကျပျက်စီး

အဆိုပါငလျင်သည် ခရစ်ချပ်မြို့တော် အရှေ့တောင်ဘက် ခြောက်မိုင်အကွာ မြေအောက်လေးမိုင်ခန့်အကွာကို ဗဟိုပြု၍ လှုပ်သွားခဲ့ကြောင်း၊ စက်တင်ဘာ ၄ ရက်က ၎င်းမြို့၌အင်အား ၇ ဒသမ ၁ရှိ ငလျင်လှုပ်ပြီး ငလျင်ယံ ၃၀၀ နီးပါးလည်း ငါးရက်အတွင်းလှုပ်ခဲ့ကြောင်း၊ ပထမလှုပ်သည့် ငလျင်ကြီးကြောင့် ယိုင်နဲ့နေသည့် နေအိမ်များ၊ အဆောက်အအုံများမှာ စက်တင်ဘာ ၈ရက်က ဒုတိယအကြိမ် လှုပ်သောငလျင်ကြောင့် လှုပ်ယမ်းခါချသကဲ့သို့ မြေပြင်သို့ ဗုန်းဗုန်းပြိုကျသွားခဲ့ကြောင်း၊ နေအိမ်အလုံးပေါင်းများစွာ ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အမ်အင်န်အေ၊ ဆင်ဟွာ**

## မက္ကဆီကိုတောင်ပိုင်း၌ မိုးသည်းထန်၍ ရေကြီးပြီး ဒေသခံများ နေအိမ်ကိုစွန့်ခွာကြရ

*ဗီလာဟာမိုဆာ(မက္ကဆီကို) စက်တင်ဘာ ၈*

**မက္ကဆီကိုနိုင်ငံတောင်ပိုင်း၌ ရက်ပေါင်းများစွာ ဆက်တိုက်မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း စက်တင်ဘာ ၈ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။**

**ဤသို့မိုးကြီးသည်းထန်ခဲ့သဖြင့် မက္ကဆီကိုတောင်ပိုင်းရှိ ဆည်ကြီးလေးခုမှာ ကျိုးကျတော့မည့်အနေအထားကြောင့် ရေများဖွင့်ချခဲ့ရာ တစ်စက္ကန့်လျှင် ကုဗပေ ၇၁၀၀၀နှုန်းဖြင့် စီးဆင်းသွားခဲ့ကြောင်း၊ ထိုသို့ရေများဖွင့်ချခဲ့၍ မက္ကဆီကိုတောင်ဘက်ဖျားရှိ ပြည်နယ်လေးခု ရေကြီးမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း၊** (အောက်ပုံ) **ယင်းပြည်နယ်များမှာ တာဘာစကို၊ ဗီရာခရုစ်၊ ချီယာပတ်စ်၊ အိုဇာကာတို့ ဖြစ်ကြောင်း၊ မြစ်ရေများ လျင်မြန်စွာတိုးလာသော်လည်းဒေသခံများမှာ နေအိမ်တွင်းရှိ ပစ္စည်းများအခိုးခံရမည်ကို စိုးရိမ်၍ အိမ်ခေါင်မိုးများပေါ်တွင် တက်နေကြရကြောင်း သတင်း၌ဖော်ပြသည်။**

(အင်တာနက်)



## အမေရိကန်တို့၏ ဒုံးလက်နက်ကြောင့် ပါကစ္စတန် ခြောက်ဦးသေဆုံး

***ဒါရာအစ္စမေးလ်ခန်း (ပါကစ္စတန်) စက်တင်ဘာ ၈***

*ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၈ ရက်က အမေရိကန်တို့ပစ်ခတ်သည့် ဒုံးလက်နက်ဖြင့် နေအိမ်တစ်လုံးကို ထိမှန်ပြီး အနည်းဆုံး လက်နက်ကိုင် ခြောက်ဦး သေဆုံးခဲ့ရကြောင်း ထောက်လှမ်းရေးအရာရှိများက ပြောကြားသည်။*

*အဆိုပါ ပစ်ခတ်မှုသည် မြောက်ဝါဇီရစ္စတန်ပြည်နယ် မီရန်ရှားမြို့အနီး ဒန်ဒီ ဒါပါခေးလ် ကျေးရွာရှိ နေအိမ်ကိုထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့က ပြောကြားသည်။* ***(ယာပုံ)***

***(အင်တာနက်)***



## ကမ္ဘာနှင့်လကမ္ဘာအကြား ဂြိုဟ်သိမ်နှစ်ခုဖြတ်သန်းခဲ့

*ဝါရှင်တန် စက်တင်ဘာ ၈*

***လူအများနေထိုင်ရာ ကမ္ဘာဂြိုဟ်နှင့်လကမ္ဘာအကြား ဂြိုဟ်သိမ်နှစ်ခု စက်တင်ဘာ၈ရက်က ဖြတ်သန်းသွားခဲ့ကြောင်း၊ ယင်းဂြိုဟ်သိမ်များသည် ကမ္ဘာဂြိုဟ်ကိုဝင်တိုက်ခဲ့ခြင်းမရှိကြောင်း နာဆာအဖွဲ့ကပြောကြားသည်။***

***2010 RX30 ဟုခေါ်သည့် ဂြိုဟ်သိမ်သည် အရွယ်အစား ၃၂ပေမှ ၆၅ပေ ခန့်ရှည်ပြီး ကမ္ဘာမြေမှ မိုင်ပေါင်း၁၅၄၀၀၀ အကွာမှ ဖြတ်သန်းခဲ့ကြောင်း၊ 2010 RF -12 ဟုခေါ်သည့် ဂြိုဟ်သိမ်သည် ကမ္ဘာမြေမှ မိုင်ပေါင်း ၄၉၀၀၀အကွာမှဖြတ်သန်းခဲ့ကြောင်း နာဆာအဖွဲ့ကပြောကြားသည်။***

(အင်တာနက်)

## အရှေ့အလယ်ပိုင်း ပြည်သူတို့ အားကိုးတကြီးစောင့်မျှော်နေကြသည့် အစ္စရေး-ပါလက်စတိုင်း စေ့စပ်ဆွေးနွေးပွဲ၏ နောက်ကွယ်တွင် . . . .

**တိုး-ရေးသားသည်**

*တစ်နှစ်အတွင်း ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိရမည်ဟူသော မျှော်မှန်းချက်ဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ တိုက်ရိုက် စေ့စပ်ဆွေးနွေးပွဲမှာ ဝါရှင်တန်မြို့၌ စက်တင်ဘာ ၂ရက်က ပြီးစီးခဲ့ပြီဖြစ်သည်။*

### တိုက်ရိုက်ဆွေးနွေး

*အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ပါလက်စတိုင်း ခေါင်းဆောင် မာမွတ်အာဘတ်စ်နှင့် အီဂျစ်နိုင်ငံ၌ လာမည့် ရက်သတ္တပတ်အတွင်း စက်တင်ဘာ ၁၄ရက်နှင့် ၁၅ရက်တို့တွင် ဒုတိယအကြိမ် တိုက်ရိုက်ဆွေးနွေးကြဦးမည် ဖြစ်သည်။*

*ထိုကာလအတွင်း အသိမ်းပိုက်ခံနယ်မြေများ၌ အစ္စရေးလူနေအိမ်များ ပြန်လည်တည်ဆောက်လျှင် နှစ်နှစ်နီးပါးအတွင်း ပထမအကြိမ်ပြန်စသည့် အမေရိကန် ကမကထပြုသော အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဆက်လက်၍ တက်ရောက်မည်မဟုတ်ကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာထားသည်။*

### ကိုင်တွယ်ဖြေရှင်း

*အစ္စရေးလူနေအိမ်များတည်ဆောက်မှု တစ်ပိုင်းတစ်စရပ်ဆိုင်းထားမှုမှာ ယခုလကုန်ပိုင်းတွင် အချိန်ပြည့်တော့မည်ဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကမူ စက်တင်ဘာ ၂၆ရက်တွင် သက်တမ်းကုန်ဆုံးတော့မည့် အဆိုပါ ရပ်ဆိုင်းမှုကို မည်သို့ ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း ယခုတိုင် အရိပ်လက္ခဏာ မပြသေးပေ။*

### ကြေညာ

*ထိုအတောအတွင်း အနောက်ဘက်ကမ်းမှ အစ္စရေးအခြေချသူ လေးဦးသေပြီး နှစ်ဦးဒဏ်ရာရသွားစေသည့် ဟားမတ်စ်အုပ်စု၏ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်း အာဏာပိုင်များက ဟားမတ်စ်အုပ်စုဝင် ၃၅ဦးကို ဖမ်းဆီးထားကြောင်း ဟားမတ်စ်အုပ်စုက ကြေညာသည်။*

### မလိုအပ်

*အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်းလူဦးရေ ၂ ဒသမ ၅ သန်းရှိသည့်အနက် အစ္စရေး သုံးသိန်းခန့် နေထိုင်ကြသည်။ အစ္စရေး လူနေအိမ်များတည်ဆောက်မှု ရပ်ဆိုင်းထားခြင်းကို အချိန်တိုးရန် မလိုအပ်ကြောင်း သူကိုယ်တိုင် ထိုရပ်ကွက်တွင် နေထိုင်သူ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး မစ္စတာလိုက်ဘာမင်က အစ္စရေးတပ်မတော် ရေဒီယိုနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။ အစ္စရေးညွန့်ပေါင်း အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ် နေတန်ယာဟု၏ လက်ယာလီကွတ်ပါတီပြီးလျှင် သူ့ပါတီက ဒုတိယအင်အားအကြီးဆုံးပါတီဖြစ်သည်။*

### ပြောဆို

*တစ်နှစ်အတွင်း ပါလက်စတိုင်းတို့နှင့် ပြီးပြည့်စုံသည့် သဘောတူညီမှုတစ်ရပ် ရမည်ဟု မိမိမယုံကြည်ကြောင်း၊ လာမည့် မျိုးဆက်အတွင်း သဘောတူညီမှုရမည် မဟုတ်ကြောင်း အစ္စရေး နိုင်ငံခြားရေးဝန်ကြီးမစ္စတာလိုက်ဘာမင်က ပြောဆိုသည်။*

### ငြိမ်းချမ်းရေးဆွေးနွေးပွဲ

*ထိုအတောအတွင်း အီဂျစ်သမ္မတ မူဘာရက်က အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မည်ဟု ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားလိုက်သည်။ ပြည်သူအားလုံး ဘေးကင်းလုံခြုံမှုရရှိစေမည့်၊ နယ်မြေသိမ်းပိုက်မှုများ အဆုံးသတ်စေမည့်၊ အရှေ့အလယ်ပိုင်းကို သစ်လွင်သည့် လမ်းကြောင်းပေါ်သို့ တင်ပေးမည့်၊ အရှေ့ ဂျေရုဆလင်ကို မြို့တော် အဖြစ်သတ်မှတ်သည့် လွတ်လပ်သော ပါလက်စတိုင်း နိုင်ငံ ထူထောင်မည့် ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိသည့် တိုင်အောင် မိမိတို့ အီဂျစ်နိုင်ငံက ဆက်လက်ကြိုးပမ်းရန် သန္နိဋ္ဌာန်ချထားကြောင်း သမ္မတ မူဘာရက်က ထုတ်ဖော်ကြေညာသည်။*

### သုံးသပ်

*ပါလက်စတိုင်း-အစ္စရေးပြဿနာပြေလည်ရေးမှာ ဤဒေသ၏ လုံခြုံရေးအတွက် အခရာကျကြောင်း အီဂျစ်သမ္မတ မူဘာရက်က သုံးသပ်ပြောကြားသည်။*

### တက်ရောက်

*အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ် အပန်းဖြေစခန်း၌ ယခုလလယ်၌*

**လေကြောင်းမှ တိုက်ခိုက်**

ဂါဇာကမ်းမြောင် ဒေသ တောင်ပိုင်း၌ အစ္စရေး တို့ က လေ ကြောင်း မှ မှောင်ခို ပစ္စည်းများ သိုလှောင်ရာ ဥမင် လိုဏ်ခေါင်းကို ပစ်မှတ်ထား တိုက်ခိုက်ပြီး နောက် အပျက်အစီးများကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



*ထပ်မံပြုလုပ်မည့် အစ္စရေး-ပါလက်စတိုင်း တိုက်ရိုက် ဆွေးနွေးပွဲသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် တက်ရောက်မည်ဖြစ်ကြောင်း အမေရိကန် အစိုးရက ကြေညာလိုက်သည်။*

### တွေ့ဆုံညှိနှိုင်း

*ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘက်စ်နှင့် အစ္စရေး ဝန်ကြီးချုပ်တို့၏ ပထမအကြိမ် ဝါရှင်တန် တိုက်ရိုက်ဆွေးနွေးပွဲမှာ အပြုသဘောဆောင်ကြောင်း အမေရိကန် အရှေ့အလယ်ပိုင်း ဆိုင်ရာ သံတမန်ကသုံးသပ်ထားရာ ရှမ်အယ်လ်ရှိတ်ဆွေးနွေးပွဲမှာ အောင်မြင်နိုင်ပါမည်လောဟု ဒေသခံများက ကြွေးကြော်မေးမြန်း နေကြသည်။ လွန်ခဲ့သည့် ၁၇နှစ်လုံးလုံး တွေ့ဆုံညှိနှိုင်းခဲ့ကြသော်လည်း တွေ့ဆုံရုံသာရှိပြီး အခြေအနေက ပို၍သာဆိုးခဲ့သည်။*

### အဖြေထွက်

*အစ္စရေး-ပါလက်စတိုင်းတို့၏ တိုက်ရိုက်ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ၊ ဥရောပနှင့် ရုရှားကိုယ်စားလှယ်များမပါဘဲ သုံးဦးသုံးဖလှယ်သာ တက်ရောက်မည် ဖြစ်သဖြင့် ပြီးပြည့်စုံသည့် အဖြေထွက်ပါမည်လောဟု စောကြောသူများလည်းရှိသည်။*

### တွေးစရာ

*သုံးဦးသုံးဖလှယ်တွင် ဖတာနှင့်ဟားမတ်စ်ဟူ၍ နှစ်ဂိုဏ်းကွဲနေသည့် ပါလက်စတိုင်းတို့ကို ဖတာခေါင်းဆောင် မာမွတ်အာဘတ်စ်က ကိုယ်စားပြုတက်ရောက်ခြင်းမှာလည်း ခရီးတွင် ပါမည်လောဟု တွေးစရာဖြစ်သည်။*

### စောင့်မျှော်

*ထို့ပြင် သဘောထားချင်းမတိုက်ဆိုင်သည့် အကြောင်းကိစ္စများအနက် ဂျေရုဆလင်ပြဿနာတစ်ခုတည်းမှာပင် သုံးဦးသုံးဖလှယ် သဘောမျှကြသည်မဟုတ်ပေ။ ဂျေရုဆလင်သည် အစ္စရေးအတွက်ရော၊ခရစ်ယာန်များအတွက်ရော၊ အချို့မွတ်စလင်များအတွက်ပါ အရေးကြီးသည့်နေရာဌာနဖြစ်သည်။ အလားတူ နယ်နိမိတ်၊ အခြေချအိုးအိမ်ထူထောင်မှု၊ ဒုက္ခသည်များအရေး စသည့် ပြဿနာများမှာ ဖြေရှင်းရန် မလွယ်ကူသည့်အတွက် အရှေ့အလယ်ပိုင်းပြည်သူများအနေဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ဆွေးနွေးပွဲကို ရင်တမမဖြင့် အားကိုးတကြီး စောင့်မျှော်နေကြရမည်သာဖြစ်ပါကြောင်း။ ။*

**ကိုးကား-အင်တာနက်**

# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

## ၂၀၁၀ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်

## World First Aid Day

## 11th September, 2010

## "First Aid for All"

## "အားလုံးတွက်တာ ရှေးဦးပြုစုခြင်းပညာ"

မြန်မာနိုင်ငံကြက်ခြေနီအသင်း



# တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် စက်တင်ဘာ ၈

**မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်ပြီး တရုတ်စံကားပင်ကို စိုက်ပျိုးပေးသည်။**

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းမှူးသည် ရေတံခွန်တောင် ဆုတောင်းပြည့်စေတီတော် ရင်ပြင်တော်ပေါ်မှ သစ်စေ့များ ကြဲပက်စိုက်ပျိုးပေးကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ တိုင်းမှူးသည် ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)အထက်မြန်မာပြည် ရုံးခန်းဖွင့်လှစ်ပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

**၂၀၁၀ခုနှစ် သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၇ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ရန်ကြီးအောင်အားကစားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်အားပေးပြီး တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။**

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသမီးအလုခတ်ပြိုင်ပွဲတွင် တတိယဆုရ ရုပ်ပျိုအသင်း၊ ဒုတိယဆုရ ခိုင်လုံးရွှေအသင်းနှင့် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင် ဦးပြည့်စုံမြင့်ကလည်းကောင်း၊ အမျိုးသား အလုခတ်ပြိုင်ပွဲတွင် တတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရွှေမန္တလေး(က)အသင်းနှင့် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့အား ရုပ်ပျိုတိုင်းရင်းဆေးမှ အထွေထွေမန်နေဂျာ ဦးဇော်ဇော်ကလည်းကောင်း၊ အမျိုးသား (၄)ပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲတွင်တတိယဆုရစစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ရွှေမန္တလေး(က) အသင်းတို့အား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်ကလည်းကောင်း၊ အမျိုးသားတံခွန်စိုက် အလုခတ်ပြိုင်ပွဲတွင် တတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့်ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းတို့အား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချစ်လှိုင်ကလည်းကောင်း၊ အမျိုးသားတံခွန်စိုက် (၁၀)ပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲတွင် တတိယဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်းကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်ကအမှတ်ခတ်ပြိုင်ပွဲများတွင် အကောင်းဆုံးဆုရ အားကစားသမားများနှင့် အမျိုးသမီးအလုခတ်ပြိုင်ပွဲ တံခွန်စိုက်ဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာန အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နာယကသုခမ္မမဏိဇောတဓရ သီဟသုခမ္မမဏိဇောတဓရ ဒေါက်တာ ဦးဘိုကြီး (လူမှုထူးချွန်တတိယဆင့်) (ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု)က အမျိုးသားအလုခတ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းအားလည်းကောင်း၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသား(၄)ပေါက်တန်းအမှတ်ခတ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ရွှေမန္တလေး(က)အသင်းအားလည်းကောင်း တံခွန်စိုက်ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်က အမျိုးသားတံခွန်စိုက် အလုခတ်ပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းအားလည်းကောင်း **(အပေါ်ယာပုံ)**၊ အမျိုးသား (၁၀)ပေါက်တန်း အမှတ်ခတ် ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းအားလည်းကောင်း တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၈**

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊အမှတ်(၃၅)တွင် Political Times အထူးအချပ်ပိုအပါအဝင် မဲပေးဖို့ ဘာတွေသိထားရမလဲ နိုင်ငံရေးသုံးသပ်မျက်နှာဖုံးဆောင်းပါး၊ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် ပြောင်းလဲလာသည့် ရာသီဥတုများအကြောင်း တွေ့ဆုံမေးမြန်းခြင်း အပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် အရွေးခံမည့် ပါတီကိုယ်စားလှယ်လောင်းများကို ပြည်သူများ မဲပေးမှုအား ဥပဒေဘောင်အတွင်းမှ လာရောက်ကြည့်ရှုခွင့်ရရှိ၊ ပါတီအဖွဲ့အစည်းထက် အမတ်လောင်းကိုသာ အဓိကထား ရွေးချယ်မဲပေးသင့်ကြောင်း ဝါရင့်နိုင်ငံရေးသမားဟောင်းကြီး သခင်ချန်ထွန်းကဆို၊ ဆရာမောင်စူးစမ်းရေးသားသည့် ဘောင်လည်းမကျဉ်းတင်းတင်းကျပ်ကျပ်လည်း မဖြစ်စေရသော နိုင်ငံရေးချဉ်းကပ်နည်း၊ ဒေါက်တာနေဇင်လတ်ရေးသားသည့် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး(၃)၊ ဆရာနေ့ာင်ဦးရေးသားသည့် ရွေးကောက်ပွဲကြီးနီးလာပြီ အသင့်ပြင်ထားကြပြီလားစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး တာချီလိတ်နှင့် ကော့သောင်းနယ်စပ်ဂိတ်များမှ ကုန်စည်တင်သွင်းခွင့်ပြု၊ မြန်မာနိုင်ငံအနှံ့ လှည့်လည်ရောင်းချမည့် မိုဘိုင်းလ်စာအုပ်အရောင်းဆိုင်များ စတင်တည်ထောင်၊ မြန်မာနိုင်ငံသည် ကမ္ဘာ့နံပါတ်တစ် ဆန်တင်ပို့သည့်နိုင်ငံ ပြန်ဖြစ်လာနိုင်၊ မြန်မာနိုင်ငံအပါအဝင် CLMV လေးနိုင်ငံသို့ သွားရောက်လည်ပတ်နိုင်မည့် ခရီးစဉ်သစ် မကြာမီစတင်နိုင်တော့မည်၊ အေတီအမ်စနစ် ပြည်တွင်းပုဂ္ဂလိကဘဏ်များ အသုံးပြုရန် စီစဉ်နေသော်လည်း မည်သည့်ဘဏ်မှ သုံးစွဲခွင့်မရရှိသေး၊ MRTV-4 ရုပ်သံ၂၄နာရီ တိုးမြှင့်ပြသပြီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အောင်မြင်ကျော်ကြားသူများနှင့် လူမှုရေးဆောင်ရွက်ချက်၊ အနုပညာအလုပ်ကို စလုပ်ခါစကဆို ကားမောင်းခါစအချိန်လိုပဲ စိုးပြည့်သဇင်နှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အောက်စ်ဖို့ဒ် အွန်လိုင်းအဘိဓာန်က ပုံနှိပ်အဘိဓာန်ကို ရပ်တန့်ဖယ်ရှားပစ်ဖွယ်ရှိ၊ နိုင်ငံခြားသားလုပ်သားဝင်ရောက်မှု ၈၀၀၀၀ခန့်အထိရောက်ရန် လုပ်ဆောင်သွားမည်ဟု လီရှန်လွန်းပြောကြား၊ လျှပ်စစ်ဓာတ်အားပေးစနစ် ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးခြင်းအားဖြင့် ကောင်းမွန်အောင်ပြုလုပ်ရန် နိုင်ဂျီးရီးယားသမ္မတကတိပြု၊ အိုဘားမား၏ သမ္မတခရီးလမ်းက အမေရိက၏ လူမျိုးရေးအစွဲလွန်ကာလသို့ ရောက်ရှိလာသည်ဟုဆို၊ အမေရိကန်ဖွား မူးယစ်ရာဇာတစ်ဦး မက္ကဆီကိုရဲက ဖမ်းဆီးရမိ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

**(သတင်းစဉ်)**

# အာရှယဉ်ကျေးမှု ဆွေးနွေးပွဲ တက်ရောက်ရန် တောင်ကိုရီးယားသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၈**




မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင် (ပန်းချီလှုတင်ထွန်း)သည် တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့ Gwangju Convention Centre ၌ ကျင်းပမည့် Asia Culture Forum -2010 အာရှယဉ်ကျေးမှု အနုပညာဆွေးနွေးပွဲသို့ တက်ရောက်၍ New Step Movement of Myanmar Artists စာတမ်းဖတ်ကြားရန်အတွက် စက်တင်ဘာ ၅ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ (၂) ဦးစောလှိုင်၊ အတွင်းရေးမှူး ဦးကြည်ဝင်း (Today)၊ တွဲဖက်ပြန်ကြားရေးမှူး ဦးနီပိုဦး၊ တွဲဖက် စည်းရုံးရေးမှူး ဦးစောတင့်ဝေ၊ တွဲဖက် နိုင်ငံခြားရေးမှူး ဦးမျိုးဟန်ကြွယ်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးနိုင်ဦးတို့ လိုက်ပါနှုတ်ဆက်ကြသည်။ **(ဝဲပုံ) (၁၆၄)**



**ကွင်းဆင်းကြီးကြပ်**

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့အဝင်ဆိုင်းဘုတ်အသစ် ပြုလုပ်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၈ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# စေတနာခရီးတစ်ခေါက်

**ချစ်နိုင်(စိတ်ပညာ)**

"တကယ်တော့ ကျွန်တော် တော်လို့မဟုတ်ပါဘူးဗျာ။ ကျွန်တော့်ရှေ့က ပညာရှင်၊ ပညာရှိတွေရဲ့ ပခုံးပေါ်ကို တက်ရပ်ပြီး ကြည့်ခွင့်ရလို့ ကျွန်တော် ဝေးဝေးမြင်ရတာပါ။ ရှေ့က (စာအုပ်၊ စာပေ၊ ကျမ်းစသည့် ရေးခဲ့ကြတဲ့) လူတွေရဲ့ ကျေးဇူးပါ။"

**အဲလ်ဘတ် အိုင်းစတိုင်း**
**ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး**

၂၀၁၀ခုနှစ် ဩဂုတ်လရဲ့ မိုးရာသီနေ့ရက်တစ်ရက်မှာ ကျွန်တော်တို့ သွားခဲ့တဲ့ နေ့ချင်းပြန်ခရီးတစ်ခု အကြောင်းလေး အစီရင်ခံချင်ပါတယ်။ အသွားမိုးထဲ၊ အပြန်မိုးထဲ၊ မိုးရေစိုစိုရွှဲ။

ကျွန်တော်တို့ဆိုတာက မြန်မာနိုင်ငံစာပေနဲ့ စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့ပါ။ ကျွန်တော်တို့အဖွဲ့ဟာ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်မှ သရက်ချောင်းစံပြကျေးရွာနဲ့ မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာတို့ကို ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်တွေ၊ ဂျာနယ်နဲ့ မဂ္ဂဇင်းတွေ သယ်ဆောင်ပြီး ဘတ်စ်ကားကြီးတစ်စီးနဲ့ သွားရောက်ခဲ့ကြပါတယ်။ ဂျာနယ်တိုက် အချို့က သတင်းထောက်လူငယ်လေးများ၊ MRTV-4 ရိုက်ကူးရေးကင်မရာမင်းများလည်း ပါကြတယ်ပေါ့ခင်ဗျာ။

အဲဒီနေ့က ရာသီဥတုအခြေအနေကတော့ မိုးရာသီပီသစွာ ရန်ကုန်မှာ မနက်စောစောအချိန်မှစပြီး မိုးတွေရွာနေပါတယ်။ အပြန်မှာလည်း ရွာတာပဲ။

မနေ့ည ရေဒီယိုက မိုးလေဝသသတင်းမှာလည်း ရန်ကုန်မြို့တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမယ်လို့ ပြောကြားသွားပါတယ်။ မှန်တယ်ခင်ဗျ။

နံနက် ၅နာရီလောက်တည်းက သဲသဲမဲမဲရွာနေတဲ့ မိုးဟာ ကျွန်တော်တို့ တိုက်ကြီးမြို့နယ် သရက်ချောင်းရွာရောက်တဲ့အထိ ရွာနေဆဲပါပဲ။ မိုးရေထဲမှာ စာပေဗိမာန်ရှေ့ Air Con ခရီးဝေးသွား ဘတ်စ်ကားကြီးပေါ် စာအုပ်ထုပ်တွေကို ကျွန်တော်တို့ မိုးမစိုအောင် ဝိုင်းဝန်းပြီး ဂရုတစိုက်တင်ခဲ့ရပါတယ်။ စာအုပ်တွေက တန်ဖိုးငွေကျပ် ၁၂သိန်းဖိုးလောက် ရှိပါမယ်။ ဗဟိုအလုပ်အမှုဆောင်တွေရဲ့ ကိုယ်ပိုင်လှူဒါန်းကြတာတွေရော၊ အချို့အလှူရှင်များက မြန်မာနိုင်ငံ စာပေနဲ့စာနယ်ဇင်းအဖွဲ့သို့ အခုလို လှူဒါန်းနိုင်အောင် ပေးပို့လာတဲ့ စာအုပ်တွေ၊ ဂျာနယ်အဟောင်း၊ မဂ္ဂဇင်းဟောင်းတွေရော စုပေါင်းလိုက်တော့ အထုပ်အပိုးက မနည်းလှပါဘူး။

အဟောင်းဆိုပေမယ့်လည်း ဒီနှစ်ထဲမှာထွက်တဲ့ စာနယ်ဇင်းတွေဆိုတော့ မဖတ်ရသေးတဲ့သူတွေအတွက် အသစ်စက်စက်တွေပေါ့ခင်ဗျာ။ ကျေးလက်တောရွာတွေအဖို့ ဝယ်ယူရမယ်ဆိုရင် တစုတစည်းတည်း အခုလို ကျပ်ဆယ်သိန်းကျော်ကျော် စာအုပ်စာတမ်းတွေရဖို့ရာ မလွယ်ကူနိုင်ပါဘူး။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကြီးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့အနေနဲ့ စာအုပ်တွေ သွားရောက်ပေးပို့လှူဒါန်းခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကျော်စာရေးဆရာတွေ၊ သတင်းစာဆရာတွေ ကိုယ်တိုင် ကျေးလက်တောရွာက စာဖတ်သူတွေအတွက် စာကြည့်တိုက်ကို ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ချင်လာအောင်၊ စာဖတ်တဲ့အလေ့အထရှိလာအောင် တွေ့ဆုံဟောပြောဆွေးနွေးကြမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကြီးရဲ့ ရည်ရွယ်ချက်ဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တည်ထောင်ပြီးဖြစ်တဲ့ ကျေးရွာစာကြည့်တိုက်တွေကို စံ (၅)ရပ်နဲ့ညီပြီး ရေရှည်တည်တံ့ခိုင်မာအောင် ပံ့ပိုးမြှင့်တင်ဆောင်ရွက်ပေးသွားနိုင်ဖို့ ဖြစ်ပါတယ်။ ဖောင်ဒေးရှင်းရဲ့ အခြေခံမူဝါဒကိုက အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်ရန် ဖြစ်တဲ့အတွက် လေးနက်ကျယ်ပြန့်လှပါတယ်။ ကျေးလက်ပြည်သူတွေ စာပေဖတ်ရှုလေ့လာလိုစိတ်နဲ့ စာဖတ်တဲ့အလေ့အထ ပိုမိုစွဲမြဲတိုးတက်လာစေဖို့အတွက် ဖောင်ဒေးရှင်းရဲ့အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများရဲ့အား၊ စာပေနဲ့စာနယ်ဇင်းလောကသားများရဲ့ အားဆိုတဲ့ အားသုံးအားနဲ့ ဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ဖောင်ဒေးရှင်းအနေနဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေဖို့ စာအုပ်စာစောင်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ အဆောက်အအုံနဲ့ ပရိဘောဂများ မတည်ထောက်ပံ့ပေးခြင်း၊ ကျေးလက်ပြည်သူများအတွင်း စာဖတ်ဝါသနာနဲ့ စာဖတ်တဲ့အလေ့အထ ပြန့်ပွားစွဲမြဲခိုင်မာလာအောင် စာပေပညာရှင်များ ကွင်းဆင်းပြီး စာပေပြိုင်ပွဲများ၊ ဟောပြောဆွေးနွေးမှုများ၊ ပျိုးထောင်မြေတောင်မြှောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယခုခရီးစဉ်ကလည်း ဖောင်ဒေးရှင်းရဲ့ အဲဒီလုပ်ငန်းစဉ်များနဲ့ ဆက်စပ်နေတဲ့ စာပေနဲ့ စာနယ်ဇင်းလောကသားများရဲ့ လှုပ်ရှားမှုတစ်ရပ်ပဲ ဖြစ်ပါတယ်။

ဖောင်ဒေးရှင်းရဲ့ ရန်ပုံငွေရှာဖွေမယ့်နည်းက လူထုအခြေခံ ရန်ပုံငွေရှာနည်းကို ကျင့်သုံးသွားမှာဖြစ်ပြီး နောင်အနာဂတ်မှာ ပြည်နယ်၊ တိုင်းဒေသကြီးနဲ့ မြို့နယ်အဆင့် ဖောင်ဒေးရှင်းများအထိပါ တိုးချဲ့ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။ ဒါကြောင့် အဲဒီအမျိုးသားရေးတာဝန်ဖြစ်တဲ့ ကျေးရွာစာကြည့်တိုက်များ ထူထောင်ခြင်းနဲ့ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကျွန်တော်တို့ စာပေနဲ့ စာနယ်ဇင်းလောကသားများက တစ်တပ်တစ်အား ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းပါ။

ရန်ကုန်နဲ့တိုက်ကြီး မိုင် ၄၀လောက်ခရီးပေမယ့် သရက်ချောင်းကျေးရွာကတော့ ရန်ကုန်-ပြည်လမ်းမကြီးမှ တိုက်ကြီးမြို့မရောက်ခင် နှစ်မိုင်လောက်အလိုမှာ အနောက်ဘက်သို့ ကွေ့ဝင်ပြီး မြေလမ်းကြမ်း နှစ်မိုင်လောက်ခရီး ဆက်ရပါသေးတယ်။

အိမ်ခြေ ၅၀၀လောက်ရှိတဲ့ သရက်ချောင်းစံပြရွာကြီးဟာ လှိုင်မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ ကပ်လျက်တည်ရှိနေတဲ့ရွာပါ။ ရေးဘုန်းကြီးကျောင်း အဆောက်အအုံကြီးနဲ့၊ ဘုရားတွေနဲ့၊ သက်တော် ၉၃နှစ် ဝါတော် ၇၂ဝါရှိတဲ့ ဆရာတော်ကြီး ကျောင်းထိုင်တဲ့ လယ်သမားရွာကြီးပါ။

ပတ်ဝန်းကျင် တစ်မျှော်တစ်ခေါ်မှာတော့ ကြည့်ပါဦး၊ မြကမ္ဗလာအစိမ်းရောင်ဖုံးထားသလို စပါးခင်း၊ လယ်ကွင်းပြင်တွေ မျက်စိတစ်ဆုံးပေါ့လေ။ ရောက်တော့ ဘုန်းကြီးကျောင်းဓမ္မာရုံကြီးထဲမှာ ရွာသူရွာသားတွေ အဆင်သင့်စုရုံးရောက်ရှိနေကြပါပြီ။

၉နာရီခွဲလောက်ကနေပြီး ၁၀နာရီခွဲအထိ ကျွန်တော်တို့ စာရေးဆရာတွေနဲ့ ကျေးရွာလူထု စာအကြောင်းပေအကြောင်းတွေ ရင်းရင်းနှီးနှီး ဆွေးနွေးပြောဆိုကြပါတယ်။

ဆရာမနုသကျော်ဝင်းက **"ပညာအလင်း"**ဆိုတဲ့ ခေါင်းစဉ်နဲ့ အသိပညာရဲ့ စွမ်းအားကြီးမားပုံကို ပုံပြင်သာဓကတွေနဲ့ စိတ်ဝင်စားဖွယ် ဟောပြောပါတယ်။ လူကြီးလူငယ်၊ ကလေးသူငယ်ရော အရွယ်စုံပါတဲ့ ကျေးရွာလူထုက ဂရုတစိုက်နားထောင်ကြပါတယ်။

ဆရာလယ်တွင်းသားစောချစ်က **"ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး"**အကြောင်း ဟောပြောပါတယ်။ဆရာက တကယ့်အဟောအပြောကောင်း ပုဂ္ဂိုလ်မဟုတ်လား၊ ပရိသတ်ကို နားဝင်အောင် ပြောနိုင်ပါပေရဲ့။

ပြီးတော့ ရပ်သူရွာသားတွေ မေးမြန်းကြတဲ့ မေးခွန်းတွေကို သတင်းစာဆရာ၊ ကဗျာဆရာတို့က ဖြေကြားရှင်းလင်းကြပါတယ်။ ကျေးရွာလူထုနဲ့ စာရေးဆရာတွေ နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီးဆွေးနွေးကြတာ အားရစရာ အားတက်စရာပါပဲ။ တန်ဖိုးကြီးမားတဲ့ အတွေ့အကြုံပါ။

ဆက်လက်ပြီး စာကြည့်တိုက်ကို သွားကြပါတယ်။ စာကြည့်တိုက်မှာ စာအုပ်တွေ လှူဒါန်းခဲ့ပါတယ်။ မြန်မာနိုင်ငံ စာပေနဲ့စာနယ်ဇင်းအဖွဲ့ ဗဟိုမှ ဥက္ကဋ္ဌနဲ့ အမှုဆောင်များ စာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် ဗွေဆော်ဦးကွင်းဆင်းစည်းရုံးတဲ့ ဟောဒီ တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာကတော့ ထူးထူးခြားခြား မှတ်တမ်းတင်ရမယ့်ကျေးရွာပါပဲ။ ဒီကနေ့စိုက်ပျိုးလိုက်တဲ့ စာဖတ်သူတိုးပွားရေး၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်အောင်မြင်ရေး မျိုးစေ့ဟာ နောင်ဆယ်နှစ်ကာလလောက်ကြာတဲ့အခါ အပင်တွေကြီး၊ အသီးတွေ အပွင့်တွေ ဝေဆာ၊ ကောင်းကျိုးအဖြာဖြာ သီးပွင့်လာမယ်ဆိုတာ ကျွန်တော် ယုံကြည်မိပါတယ်။

ကျွန်တော်တို့တစ်တွေ သရက်ကုန်းကျေးရွာမှ နှုတ်ဆက်ထွက်ခွာပြီး တိုက်ကြီးမြို့မှာ ထမင်းစားကြပါတယ်။ ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာဝင်စားပြီးတော့ မှော်ဘီမြို့နယ် ရန်ကုန်-ပြည်ကားလမ်းမပေါ်က ကုလားကုန်းကျေးရွာသို့ ခရီးဆက်ခဲ့ပြန်ပါတယ်။

ကျေးရွာစာကြည့်တိုက်အနီးမှာရှိတဲ့ ဘုန်းကြီးကျောင်းဓမ္မာရုံမှာပဲ ရွာသူရွာသား၊ လူကြီးလူငယ်များစုဝေးပြီး စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာတွေနဲ့ တွေ့ဆုံကြပါတယ်။

တကယ်တော့ စာပေဟောပြောပွဲလည်းမဟုတ်၊ စာပေဆွေးနွေးပွဲရက်လည်းမဟုတ် စာကြည့်တိုက်များရှင်သန်ရေးအတွက် စာဖတ်သူတိုးပွားရေး လှုံ့ဆော်စည်းရုံးကြတဲ့ ခရီးစဉ်တစ်ခုပါ။ ဖတ်စရာစာအုပ်တွေလည်း လှူဒါန်းပေးဝေ၊ စာဖတ်ခြင်းအလေ့အထရှိကြပါမှ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူမျိုး၊ အသိပညာ အမြော်အမြင်၊ ဗဟုသုတပြည့်ဝလာပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစစအရာရာ ဘက်စုံတိုးတက်ဖွံ့ဖြိုးလာကြရမှာ မဟုတ်လား။

ကျောင်းသင်ပညာမျှနဲ့ ဘဝအတွက် မလုံလောက်ကြတော့ပါ။ ကျောင်းပြင်ပ ပညာရေးမှာ ကျေးရွာစာကြည့်တိုက်များက အရေးပါလှပါတယ်။ လူကြီးလူငယ်မရွေး စာပေဖတ်ရှုကြတဲ့အလေ့အထ၊ စာဖတ်တဲ့အလေ့အကျင့်ရှိလာကြရင်ဖြင့် ခေတ်မီတဲ့ အတွေးအမြင်တွေ ရလာကြမယ်။ တစ်ဦးချင်းရဲ့ဘဝ အရည်အသွေး၊ ဘဝအဆင့်အတန်း မြင့်မားလာကြတာနဲ့အမျှ တိုင်းပြည်တစ်ပြည်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုလည်း မလွဲမသွေ ပြည့်စုံလာပေမှာ မဟုတ်လား။ ထင်ထင်ရှားရှား မြင်နေကြပြီးသားပါ။

အဲဒီရွာမှာ ဆရာကြီးချစ်စံဝင်းက **"ကျေးလက်နဲ့စာပေ"**အကြောင်း ဟောပြောပါတယ်။ ကျွန်တော်က **"စာဖတ်ခြင်းရဲ့အကျိုးကျေးဇူး"** ကို ပြောပါတယ်။

စာဖတ်ခြင်းကြောင့်ရတဲ့ ကျေးဇူးကိုပြောပြရာမှာ ဦးစွာပထမ မင်းဘူးခရိုင် စလင်းမြို့နယ် တောင်ဘိုကြီးကျေးရွာမှ မောင်သန်းဝင်းဆိုတဲ့ ဆင်းရဲသားလူငယ်တစ်ယောက်အကြောင်း ပြောပြပါတယ်။ မြေတူး၊ အလုပ်ကြမ်းလုပ်၊ အောက်ခြေသိမ်းလုပ်၊ မန္တလေးတက်လာ၊ ဆံပင်ညှပ်သမား အခြေခံမူလတန်းလောက်ပဲအောင်ခဲ့ပေမယ့် စာပေလေ့လာဖတ်ရှုပြီး မိမိကိုယ်ကို မြှင့်တင်ပျိုးထောင်တော့ ယခုအခါ မန္တလေးမြို့မှာ သိန်းပေါင်းများစွာချမ်းသာတဲ့ အအေးခန်းဆံသဆိုင် လုပ်ငန်းရှင်တစ်ဦး ဦးသန်းဝင်းဖြစ်လာပုံ။ စာဖတ်ရင် ဘဝက မြင့်သွားတာကိုး။

ဟသ်ာတမြို့နယ် ဝဲကြီးရွာက ဆင်းရဲသားလေး မောင်ထိန်လင်းဟာ အဝတ်တစ်စုံ ကိုယ်တစ်ခုနဲ့ ရန်ကုန်တက်လာ အလုပ်ရှာ၊ ပညာက အခြေခံပညာအလယ်တန်းဆိုတော့ ညစောင့်၊ သန့်ရှင်းရေး၊ ကုန်တင်ကုန်ချ၊ ကားစပယ်ယာ ဘာပဲဖြစ်ဖြစ် ကိုထိန်လင်းက စာဖတ်တယ်။ စာဖတ်တဲ့ အလေ့အကျင့်ရှိတဲ့လူဟာ ကိုယ့်ဘဝကိုအသိအမြင်နဲ့ ပြုပြင်ထူထောင်တတ်တယ်။ ယာဉ်နောက်လိုက်မှ အရန်ဒရိုင်ဘာ၊ ဒရိုင်ဘာ၊ ဝပ်ရှော့ပိုင်ရှင်၊ ကားစက်ပြင်ရုံပိုင်ရှင်၊ ကားဘော်ဒီများ ထုတ်လုပ်သူ၊ ကားတွေဆင်ပြီးထုတ်လုပ်တဲ့ လုပ်ငန်းရှင်နဲ့ စက်မှုလုပ်ငန်းရှင်ကြီး ဖြစ်နေပြီ။

ဇာတိရွာမှာ စာကြည့်တိုက်ကြီး ထူထောင်လှူဒါန်း၊ ဘုရား၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်လှူဒါန်း။ သူချမ်းသာတာစာဖတ်လို့ပါတဲ့။ ရွာက လူငယ်တွေ စာဖတ်ကြစေချင်လို့ စာကြည့်တိုက်လည်း ဆောက်ပြီးလှူထားတယ်။စာဖတ်ကြစမ်းပါ။ဘဝဟာ အဆိုးမှ အကောင်း၊ အဟောင်းမှ အသစ်၊ အနိမ့်မှအမြင့်၊ ဆင်းရဲရာမှချမ်းသာရာသို့ ပြောင်းလဲနိုင်တယ်။

အမေရိကန်ပြည်ထောင်စု နီဂရိုး မုဆိုးမတစ်ယောက် တစ်နေ့တစ်နေ့ အိမ်ရှစ်အိမ်လောက်မှာ ကြမ်းတိုက်၊ အဝတ်လျှော်၊ ကလေးထိန်း၊ ခွေးစာကျွေး အစေခံလုပ်မှ ထမင်း မဝတဝစားရရှာတယ် ဆင်းရဲသူမ။ သားလူမည်းကလေးသုံးယောက်ကို စာကြည့်တိုက်ခေါ်သွားပြီး စာဖတ်ကြသားတို့တဲ့။

ငါ အိမ်ရှစ်အိမ် အလုပ်ကြမ်းလုပ်ရတဲ့ အိမ်ရှင်တွေမှာ စာအုပ်တွေ အများကြီးနဲ့ ကိုယ်ပိုင်စာကြည့်တိုက်ရှိကြတယ်။ ငါတို့လူမွဲရပ်ကွက်က အိမ်တွေမှာ စာအုပ်တစ်အုပ်မှ မရှိကြလို့ မွဲတာ၊ ဆင်းရဲတာတဲ့။

"စာအုပ်တွေရှိမှ ချမ်းသာနိုင်တယ်။ စာဖတ်မှသာ ဆင်းရဲနိမ့်ကျခြင်းမှ လွတ်ကင်းမယ်"ဆိုတဲ့ နီဂရိုးမုဆိုးမ ပြောစကား ဟုတ်ပါ့မလား။

သူ့သားသုံးယောက်က မအေပြောစကားကိုနားထောင်ကြတယ်။ နေ့စဉ်စာကြည့်တိုက်သွားတယ်၊ စာအုပ်တွေဖတ်ကြသတဲ့။ စာဖတ်တဲ့ အလေ့အကျင့်စွဲသွားကြတယ်။ စာအုပ်တွေအများကြီး ဖတ်ဖြစ်ကြတာပေါ့။

နောက်ဆုံးတစ်နေ့ သားသုံးယောက်စလုံးဟာ ဆရာဝန်၊ ပါရဂူ၊ ဥပဒေပညာရှင်နဲ့ ဆီးနိုတ်လွှတ်တော်အမတ်တွေဖြစ်လာကြသတဲ့။ ဆင်းရဲသားလူမည်းကလေးငယ်တွေ ကြီးပွားထွန်းပေါက်ခဲ့ကြတာ စာကြည့်တိုက်ရဲ့ ကျေးဇူးပေါ့။ စာပေမှ စွမ်းအားပေါက်ဖွားစေတယ်။

စာဖတ်ခြင်းကရရှိတဲ့ ကျေးဇူးတရားတွေ၊ ကောင်းကျိုးတရားတွေဟာ မရေမတွက်နိုင်အောင်ပဲ များပြားလှပါတယ်။ ဒါတွေတင်ပြခွင့်ရခဲ့တာကို တွေးမိတိုင်း ပျော်တယ်။ စာဖတ်တဲ့ အလေ့အထဖြင့် ကြီးပွားအောင်မြင်ကြပါစေလို့ ဟောပြောခဲ့ပါတယ် ခင်ဗျာ။

တကယ်ဟုတ် မဟုတ်၊ စမ်းကြည့်လိုက်စမ်းပါ။

ဘယ်သူမဆို ကျွန်တော်အစီရင်ခံတာ ဟုတ်မဟုတ်၊ မှန်မမှန် လက်တွေ့ စမ်းသပ်စစ်ဆေးကြည့်ကြစေလိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ။



**ကျောက်ချောခင်း**

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော နန်းအွန်ကျေးလက် လမ်းအပိုင်း(၂) ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

## မြောက်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေ

နေပြည်တော် စက်တင်ဘာ ၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

**စက်တင်ဘာ ၉ရက် ညနေအထိခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှု Ever Flow River Group of Companies ၏ ကူညီပံ့ပိုးမှုတို့ဖြင့် စက်တင်ဘာ ၁၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးကျော်တင့်ဆွေ (ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ငြိမ်း)က မြန်မာနှင့် အာဆီယံ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျော်ဖုံးမှ*

## မြင်တွေ့

မန္တလေးမြို့ဘက်ရှိ ခဝါတောင် ဘက်ကမ်းမှ စစ်ကိုင်းမြို့ဘက်သို့ လှမ်းမျှော်ကြည့်လျှင် စိမ်းညို့သော တောင်တန်းများနောက်ခံနှင့် အိုးအိမ် အဆောက်အအုံများကို မြင်တွေ့ရ သည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ အထင် ကရ စစ်ကိုင်းမြို့ကြီးနှင့် မန္တလေးတိုင်း ဒေသကြီး၏မြို့တော် မန္တလေးမြို့တို့ကား ထူးခြားစွာ ဘေးချင်းကပ် တည်ရှိနေ သည်။ သို့သော် ဧရာဝတီမြစ်၏ တစ်ဖက်တစ်ချက်။

ယခင်က မန္တလေးနှင့် စစ်ကိုင်းမြို့ များကို ဆက်စပ် ဆက်သွယ်ပေးထား သည့် အင်းဝတံတားရှိခဲ့သည်။ တံတား သက်တမ်း ရင့်ပြီဖြစ်သဖြင့် ဧရာဝတီ တံတား(ရတနာပုံ)ကို နိုင်ငံတော်က အထူးစီမံကိန်းတစ်ရပ် ချမှတ်ကာ ဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။ အင်းဝ တံတားအထက်ဘက် ပေ ၂၀၀၀ အကွာ၌ တံတားအသစ်တစ်စင်း ထွက်ပေါ် ခဲ့ခြင်းဖြစ်သည်။

တံတားအရှည် ၅၆၁၄ ပေရှိသည့် သံမဏိသံပေါင် အမျိုးအစားတံတား ဖြစ်သည်။ ယာဉ်သွားလမ်း အကျယ် ၄၉ ပေရှိပြီး လေးလမ်းသွား ကားလမ်းပါဝင် သည်။ လူသွားလမ်းအကျယ် ခြောက်ပေ ရှိကာ တန် ၆၀ရှိသော မော်တော်ယာဉ် များ ဖြတ်သန်း မောင်းနှင်နိုင်ကြောင်း သိရသည်။ တံတားအောက် ရေလမ်း ကောင်းမွန်စွာ လွတ်ကင်းသဖြင့် သင်္ဘော၊ စက်လှေစသည့် ရေယာဉ်များ စိတ်တိုင်းကျ ဖြတ်သန်းမောင်းနှင်နိုင်သည်ကို တွေ့ရ သည်။

### အသစ်တည်ဆောက်

မန္တလေးမြို့ဘက်ကမ်းမှ ဧရာဝတီ တံတား(ရတနာပုံ)ပေါ် ဖြတ်လျှောက်ရင်း လေ့လာဖြစ်ခဲ့သည်။ တံတားပေါ်မှ ဥဒဟို မောင်းနှင်ဖြတ်သန်းနေကြသော မော်တော် ယာဉ်မျိုးစုံကိုကြည့်ကာ မြန်မာနိုင်ငံ တောင် ဘက်အစွန်းမှ မြောက်ဘက်အစွန်းအထိ အချိန်မရွေး၊ ရာသီမရွေးခရီးပေါက်စေသည့် တံတားအဖြစ် သမိုင်းမှတ်တမ်း စိုက်ထူနိုင် ခဲ့သော အကျိုးကြီးမားသည့် တံတားအဖြစ် ရပ်တည်နိုင်လျက် ရှိနေပြီ။

### စေတနာ

လှပသော ဒီဇိုင်း၊ ခိုင်ခံ့သော တည်ဆောက်မှု၊ အကျိုးပြုမှုကြီးမားသည့် ဧရာဝတီတံတား(ရတနာပုံ)ပေါ် လေ့လာ ရင်း မန္တလေးဘက်ကမ်းမှ တံတားပေါ် အတက်လမ်း တိုးချဲ့ ချဉ်းကပ်လမ်း ဖောက်လုပ်မှုလုပ်ငန်းကို သွားရောက် စေ့ငု ကြည့်ရှုခဲ့သည်။ မန္တလေးဘက်မှ တံတား ကြီးပေါ် မော်တော်ယာဉ်များ မောင်းတက် ရာတွင် အဆင်ပြေဆုံးနှင့် အန္တရာယ်အနည်း ဆုံးဖြစ်စေရန် နိုင်ငံတော်က စေတနာ အရင်းခံဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ် သည်။

အတက်လမ်းတိုးချဲ့ ချဉ်းကပ်လမ်း အမျိုးအစားမှာ အောက်ခြေအုတ်မြစ် သံကူကွန်ကရစ်ဘိုးပိုင်၊ သံကူကွန်ကရစ် ရက်မနှင့် ကြမ်းခင်းလက်ရန်းတို့ဖြစ်သည်။ အရှည် ၆၁၂ပေရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၄ပေ ဖြစ်သည်။ လူသွားလမ်း အကျယ်တစ်ဖက်လျှင် ၃ပေ ၆လက်မစီ ပါဝင်ပြီး ၃၆တန်ရှိသော မော်တော်ယာဉ် နှစ်စီးယှဉ်ကာ မောင်းတက်နိုင်အောင် ဖောက်လုပ်ထားသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန်၆၀ဖြစ်ရာ တည် ဆောက်ရေးလုပ်ငန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးတော့မည် ဖြစ်သည်။ ကွန်ကရစ်ပေါ် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှုကို မြင်တွေ့ခဲ့ရသည်။

ကျွမ်းဝိုက်စွာ ဖောက်လုပ်ထားသော ချဉ်းကပ်လမ်းကို လေ့လာကြည့်ရာ ရေရှည် တည်တံ့ခိုင်ခံ့အောင် စနစ်တကျဖောက်လုပ် နေသည်ကိုလည်း တွေ့မြင်ရသည်။ ချဉ်းကပ် လမ်း ဖောက်လုပ်မှု အစိတ်အပိုင်းတိုင်း ကို စံချိန်မီဖြစ်စေရန် နေ့စဉ် စစ်ဆေးမှုများ ဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့ခဲ့ရ သည်။



ဧရာဝတီတံတား(ရတနာပုံ)၏ မန္တလေးဘက် တိုးချဲ့ချဉ်းကပ်လမ်း ဖောက်လုပ်မှုအခြေအနေကို ဤသို့ မြင်တွေ့ရသည်။



ယခင်တံတားဟောင်း အင်းဝတံတားနှင့် ဧရာဝတီတံတား(ရတနာပုံ)တို့၏ မြင်ကွင်းကလည်း ဤသို့ မြစ်မင်းဧရာနှင့်အပြိုင်။

### ကင်းရှင်းရန်

တံတားပေါ် ဖြတ်သန်းမောင်းနှင် ရာတွင် အန္တရာယ်ကင်းရှင်းရန်တို့အတွက် ချဉ်းကပ်လမ်းကို ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။ ကုန်တင်ယာဉ်ကြီးများအတွက် ထိရောက်သော အကျိုးပြုမှုများအဖြစ် ချဉ်းကပ်လမ်းကို အပင်ပန်းခံကာ ဖောက် လုပ်ပေးခဲ့ခြင်းလည်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဧရာဝတီမြစ်ပေါ် တံတားပေါင်းများစွာ ခင်းကျင်းတည် ဆောက်မှုကား နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အတွက် အဓိကကျသည့် ဖြည့်ဆည်း ပေးမှု တစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် ချဉ်းကပ်လမ်းမှာလည်း အန္တရာယ် ကင်းရှင်းစေရန်အတွက် ဆောင်ရွက် ထားခြင်းဖြစ်ရာ ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်း၏ စေတနာအလှ၊ နိုင်ငံ တော်၏ အနာဂတ် ပြည်သူတို့ဘဝ အတွက် ဖြည့်ဆည်းပေးမှုတစ်ရပ်ပင် ဖြစ်ပါကြောင်း။ ။

**(မြန်မာ့အလင်း)**

**တံတားပေါ်မှ ဥဒဟို မောင်းနှင်ဖြတ်သန်းနေကြသော မော်တော်ယာဉ်မျိုးစုံကို ကြည့်ကာ မြန်မာနိုင်ငံတောင်ဘက်အစွန်းမှ မြောက်ဘက်အစွန်းအထိ အချိန်မရွေး၊ ရာသီမရွေး ခရီးပေါက်စေသည့် တံတား အဖြစ် သမိုင်းမှတ်တမ်း စိုက်ထူနိုင်ခဲ့သော အကျိုးကြီးမားသည့် တံတားအဖြစ် ရပ်တည် နိုင်လျက်ရှိ။**



ဧရာဝတီတံတား (ရတနာပုံ)၏ မန္တလေးဘက်အတက်လမ်း တိုးချဲ့ချဉ်းကပ် လမ်းဖောက်လုပ်မှု အပြီးသတ်နေသည့် မြင်ကွင်း။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၉-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | **မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေ** တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ) |
| ၆:၄၅ | ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော် |
| ၆:၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၈) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၂) |
| ၈:၄၀ | **တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ** (ဧရာဝတီတိုင်းဒေသကြီး ဥတိုချောင်း အတွင်း ငါးမျိုးစိုက်ထည့်ခြင်း) |
| ၈:၅၅ | အနာဂတ်ရဲ့အလင်းရောင် II |
| ၉:၀၅ | ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်) |
| ၉:၁၅ | ဂျူရဲအိုင်ဒီယာ၏သမိုင်းကြောင်း |
| ၉:၂၅ | Science for All (လေဝင်လေထွက်ကောင်းမွန်မှုတအောင်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း) |
| ၉:၅၅ | အဝိဇ္ဇာအမှားသိမှ ဝိဇ္ဇာအမှန်သိကြောင်း |
| ၁၀:၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀:၅၀ | The Champion of Dance |
| ၁၁:၂၅ | အင်းမအသင်း (ရန်ကုန်)၏ သတ္တမအကြိမ်စုပေါင်းဝါဆို သင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုပေးပွဲ |
| ၁၁:၄၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂:၁၅ | ရန်ကုန်မြင်ကွင်းကျယ် (Mr & Miss Smart & Style) |
| ၁၂:၃၅ | Make In A Delicious Way (Bollywood မှ စွဲမက်ဖွယ်ရာ အစားအစာများ) |
| ၁:၀၀ | **မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေ** တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ) |
| ၁:၄၅ | အံ့ဖွယ်တမူ ဆဒ္ဒန်ဂူ |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ မယ်လိုဒီ) |
| ၂:၅၀ | **တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ** (ဧရာဝတီတိုင်းဒေသကြီး ဥတိုချောင်း အတွင်း ငါးမျိုးစိုက်ထည့်ခြင်း) |
| ၃:၀၀ | ရန်ကုန်မြင်ကွင်းကျယ် (Talents & Models 2010 Graduation Show) |
| ၃:၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၈) |
| ၄:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၂) |
| ၄:၄၀ | ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်) |
| ၄:၅၅ | အင်းမအသင်း (ရန်ကုန်)၏ သတ္တမအကြိမ်စုပေါင်းဝါဆို သင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုပေးပွဲ |
| ၅:၀၅ | ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီ ပန်းဖြူနှင့်တွေ့ဆုံခြင်း) |
| ၅:၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | အားကစားမြင်ကွင်းစုံ |
| ၆:၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၉) |
| ၇:၁၅ | Style ရှိမှ Star ဖြစ်မယ် |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | စကားနပန်း (ကိုယ်ပိုင်ကားရှိတာကောင်းတယ် ကိုယ်ပိုင်ကားမရှိတာကောင်းတယ်) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၃) |
| ၁၀:၁၀ | အနုပညာမိုးကောင်းကင် |
| ၁၀:၃၅ | ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင် အိမ့်ချစ်) |
| ၁၁:၀၀ | ဂျူရဲအိုင်ဒီယာ၏သမိုင်းကြောင်း |
| ၁၁:၁၅ | ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား |
| ၁၁:၂၅ | ရန်ကုန်မြင်ကွင်းကျယ် (Mr & Miss Smart & Style) |
| ၁၁:၄၅ | သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော် |
| ၁၁:၅၅ | သင်ယူလေ့လာဂီတပညာ (VOCAL TRAINING MODULE : 01) |
| ၁၂:၁၅ | ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကာကွယ် တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်) |
| ၁၂:၄၅ | စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့် |
| ၁:၂၀ | **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်) |
| ၁:၃၅ | စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ |
| ၁:၅၀ | ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်) |
| ၂:၁၅ | ကျီးသဲမြို့မှစည်းလုံးချည် |
| ၂:၂၅ | လှပချစ်စရာလက်မှုအနုပညာ (Candy Brown) |
| ၂:၅၀ | စွဲဖက်ဖွယ်ရာရတနာ (စိန်ကျောက်အလား ဥဿဖရား) (အပိုင်း-၁) |
| ၃:၂၀ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၄:၂၀ | အံ့ဖွယ်တမူ ဆဒ္ဒန်ဂူ |
| ၄:၃၀ | အဝိဇ္ဇာအမှားသိမှ ဝိဇ္ဇာအမှန်သိကြောင်း |
| ၅:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



# ခရိုင်ချင်းဆက်လမ်းအမှတ်(၃) ဖောက်လုပ်နေမှု

## ဒုတိယဝန်ကြီး ဦးတင်ငွေစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် စက်တင်ဘာ ၅ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖောက်လုပ်နေသော ခရိုင်ချင်းဆက်လမ်း အမှတ်(၃) နှစ်မိုင် နေရာတွင် လုပ်ငန်းအဖွဲ့(၁)က တာဝန်ယူဆောင်ရွက်နေသော ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကျောက်ခင်းစက်ကြိတ် လုပ်ငန်းများကိုလည်းကောင်း၊ **(အပေါ်ပုံ)**လမ်းတစ်လျှောက် ရေကျော်များ တည်ဆောက်ခြင်း လုပ်ငန်းနှင့် တံတားများ တည်ဆောက်နေခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ယင်းနောက် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)မှ တစ်မိုင်ခန့်အကွာရှိ ဝက်လက်မြို့နယ် တမာကန်ကျေးရွာသို့ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ သောက်သုံးရေရရှိရေးနှင့် ကျေးရွာအဝင်မြေသားလမ်း တစ်မိုင် ဖောက်လုပ်ပေးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

**ဖြည့်ဆည်းပေး**

ဆက်လက်၍ ဝက်လက်မြို့နယ် သရိုင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ ပြည်သူများ၏ သောက်သုံးရေရရှိရေး တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မြေယာရှူခင်းအလှ

**မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနော်မာ ပန်းခြံအတွင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ဩဂုတ် ၂၄ရက်က မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဦးချစ်မောင်က ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ရေးသူ၊ ဖတ်သူတွေ့ဆုံပွဲ ဒဂုံမြို့သစ်(မြောက်ပိုင်း)စာကြည့်တိုက်၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာကြည့်တိုက်၌ စာရေးဆရာနှင့် စာဖတ်ပရိသတ်ဆွေးနွေးတွေ့ဆုံပြီး စာပေရေးရာ ဗဟုသုတရရှိရေး ဦးတည်ချက်ဖြင့် ရေးသူ၊ ဖတ်သူတွေ့ဆုံပွဲ အခမ်းအနားကို စက်တင်ဘာ ၁ရက် မွန်းလွဲ ၁ နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

**ပြန်လည်ဆွေးနွေး**

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုက နှုတ်ဆက်စကား ပြောကြားပြီး စာဖတ်ပရိသတ်များက မေးမြန်းထားသော မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ စာအုပ်များ၏ အခန်းကဏ္ဍ အရေးပါပုံ၊ စာရေးဆရာ၊ ဆရာမတို့၏ ပြည်သူ့အကျိုးပြု စာပေရေးသားမှုများနှင့်စပ်လျဉ်းသော မေးခွန်း ၁၅ခုကို ဆရာသူရဇော်နှင့် ဆရာမမြမြလှိုင်တို့က ပြန်လည်ဖြေကြားခဲ့ရာ ဖြေကြားမှုအပေါ် မေးခွန်းမေးမြန်းလိုသူများနှင့် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန် /ဆက်)**



**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ပန်းအလှပြင်သင်တန်း ကြို့ပင်ကောက်၌ဖွင့်

**ကြို့ပင်ကောက် စက်တင်ဘာ ၈**

ကြို့ပင်ကောက်မြို့နယ်တွင် အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံ ပန်းအလှပြင်သင်တန်း အမှတ်စဉ်(၄/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၁ရက် နံနက် ၈နာရီက ကျင်းပရာ သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်ဝင်းက အမှာစကား ပြောကြားသည်။ ဇူလိုင် ၂၂ရက် ညနေ ၃နာရီတွင် သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်း တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲတွင် အဖွဲ့လိုက် ထူးချွန်သူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(၁၈၀)**

# ဂွါတီမာလာနိုင်ငံသားတွေရဲ့ စိတ္တဇညများ

**သတင်းမှတ်စု ➤ မိုးမြင့်လင်းလက်**

**ဂွါတီမာလာ စက်တင်ဘာ ၈**

"ဂုန်း" ဆိုတဲ့အသံကြီးဟာ ဂွါတီမာလာနိုင်ငံ ဂွါတီမာလာမြို့ရဲ့ မြောက်ဘက်ဆီက ညသန်းခေါင်ယံအချိန်မှာ ပေါ်ထွက်လာပါတယ်။ တုန်လှုပ်ချောက်ချားဖွယ်ကောင်းတဲ့အသံကြီးနဲ့အတူ အော်ဟစ်သံတွေ ဆူဆူညံညံထွက်ပေါ်လာတာမို့ တာဝန်ရှိသူတွေ အပြေးအလွှားသွားရောက်ကြည့်ရှုတဲ့အခါ လေးထပ်လူနေအဆောက်အအုံတစ်ခုလုံးဟာ မြေအောက်ကို နစ်မြုပ်ပြိုကျနေတာတွေ့လိုက်ရလို့ အားလုံး မှင်တက်မိကာ ပါးစပ်အဟောင်းသားတွေ ဖြစ်ခဲ့ကြရပါတယ်။

**ပျက်စီးခဲ့**

တကယ်တော့ ဂွါတီမာလာနိုင်ငံအလယ်ပိုင်းဒေသနဲ့ နေရာအနှံ့အပြားမှာ မိုးတွေဆက်တိုက်ရွာပြီး ရေတွေလျှံ၊ မြေတွေပြိုနေတာဟာ စက်တင်ဘာ ၄ရက်ကတည်းက စတင်ဖြစ်ပေါ်နေခဲ့တာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ နေရာအနှံ့ မိုးတွေသည်းထန်စွာ ရွာသွန်းခဲ့ပြီးတဲ့နောက်မှာ မြို့တိုင်း အဲဒီလို ရုတ်တရက် မြေပြိုမှုတွေဖြစ်ပေါ်နေတော့တာပါပဲ။ ဒါကြောင့် ဘယ်ညမှာ ဘယ်မြို့၊ဘယ်ရွာက ဘယ်အိမ်တွေများ မြေအောက်နစ်မြုပ်သွားမလဲဆိုတာ ရင်တထိတ်ထိတ်နဲ့ စိုးရိမ်သောကပွားပြီး စိတ္တဇညတွေကို ဖြတ်သန်းနေကြရတာ ဖြစ်ပါတယ်။ ဂွါတီမာလာနိုင်ငံတစ်ဝန်းမှာ စက်တင်ဘာ ၇ရက်အထိ မြေပြိုမှုတွေကြောင့် နေအိမ် ၂၀၀ ကျော် ပျက်စီးခဲ့ရပြီး လူ ၁၀၀ ကျော် သေဆုံးခဲ့ရပြီလို့ ဂွါတီမာလာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားပါတယ်။

**နေထိုင်**

ဂွါတီမာလာနိုင်ငံမှာ စက်တင်ဘာ ၇ ရက်အထိ လေးရက်ဆက်တိုက် မိုးတွေသည်းထန်စွာရွာသွန်းခဲ့လို့ နေအိမ်ပေါင်း ၈၀၀ ကျော် ရေလွှမ်းခဲ့ပြီး ဒေသခံပြည်သူတွေ ၄၃၀၀၀ကျော် အိုးအိမ်မဲ့ဖြစ်ကာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ကြရပါတယ်။ လူ ၉၀၀၀ကျော်ဟာ အရေးပေါ်ကယ်ဆယ်ရေးရွက်ဖျင်တဲလေးတွေမှာ နေထိုင်ရလျက်ရှိပါတယ်။

**ပြိုလဲ**

ဂွါတီမာလာနိုင်ငံ မြို့တော်ဂွါတီမာလာရဲ့ အဝေးပြေးလမ်းမကြီးပေါ်ကို အနီးမှာရှိတဲ့ တောင်ပေါ်က မြေစိုင်ခဲကြီးတွေ ပြိုကျခဲ့လို့ လမ်းပိတ်ဆို့မှုတွေဖြစ်ပြီး ဆက်သွယ်မှုတွေ ပြတ်တောက်နေပါတယ်လို့ ဒေသခံတွေက ဆိုပါတယ်။ မြို့တော်ဂွါတီမာလာစီးတီးအနီးဝန်းကျင်ဒေသတွေမှာလည်း ထူးထူးခြားခြား မြေပြိုမှုတွေဖြစ်နေတာမို့ ညဘက် သွားလာမှုမလုပ်ကြဖို့ သတိပေးချက်တွေထုတ်ပြန်ထားပါတယ်။ နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံးရေလွှမ်းမှုနဲ့ မြေပြိုမှုတွေကို ရင်ဆိုင်နေရတဲ့ ဂွါတီမာလာနိုင်ငံသားတွေဟာ စက်တင်ဘာ ၇ရက် နံနက် ၄နာရီမှာ တစ်နာရီ မိုင် ၇၀နှုန်းရှိတဲ့ မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့လို့ ဓာတ်အားတိုင်တွေ ပြိုကျ၊ အိမ်တွေ လဲပြိုတဲ့အပြင် ဆက်သွယ်ရေးတာဝါတိုင်တွေပါ ပြိုလဲခဲ့လို့ ဆက်သွယ်ရေးလည်း ပြတ်တောက်နေပြန်ပါတယ်။

**ဖြန့်ဝေပေး**

အဲဒီမုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်ရာပေါင်းများစွာ အိမ်အမိုးပြုတ်ထွက်၊ အိမ်တွေပြိုကျခဲ့တဲ့အပြင် ကောက်ပဲသီးနှံစိုက်ခင်းဧကများစွာ ပျက်စီးခဲ့ရတယ်လို့ဆိုပါတယ်။ ဒါ့အပြင် လူသေဆုံးမှုတွေပါရှိခဲ့လို့ အခုဆိုရင် မြေပြိုမှု၊ ရေလွှမ်းမှုနဲ့ မုန်တိုင်းတိုက်ခတ်မှုတွေကြောင့် စုစုပေါင်းသေဆုံးသူဦးရေဟာ ၁၅၀ကျော် ရှိနေပြီလို့ ဆိုပါတယ်။

ဂွါတီမာလာအစိုးရကတော့ သဘာဝဘေးဒုက္ခကြုံတွေ့ခံစားနေရတဲ့သူတွေကို အမြန်ကယ်ဆယ်ဖို့နဲ့ ထောက်ပံ့ရေးပစ္စည်းတွေ ဖြန့်ဝေနိုင်ဖို့ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ သွားလာရေး ခက်ခဲတဲ့နေရာတွေကို ရဟတ်ယာဉ်တွေနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ ဖြန့်ဝေပေးလျက် ရှိပါတယ်။

ဒီလိုအခြေအနေတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေချိန်မှာ ဂွါတီမာလာမြို့ တောင်ဘက် ကီလိုမီတာ ၅၀ခန့် အကွာမှာရှိတဲ့ ပါကာရာမီးတောင်က စက်တင်ဘာ ၇ရက် နံနက်မှာ မီးခိုးတွေကောင်းကင်ကို မှုတ်ထုတ်ပြီး လှုပ်ရှားလာလို့ အနီးဝန်းကျင်က ဒေသခံတွေ ထိတ်လန့်ပြေးလွှားရှောင်တိမ်းနေကြရပြန်ပါတယ်။ အဲဒီပါကာရာမီးတောင်ဟာ ပြီးခဲ့တဲ့ရက်ပိုင်းကလည်း ပေါက်ကွဲဖို့လှုပ်ရှားခဲ့ပါသေးတယ်။ ဒါပေမယ့် ကြီးမားတဲ့ပေါက်ကွဲမှုမျိုးအထိ မဖြစ်ပေါ်ခဲ့ပါဘူး။

**စိုးရိမ်ပူပန်**

ဂွါတီမာလာနိုင်ငံဟာ မတ်တီဇိုလူမျိုးစု ၅၆ရာခိုင်နှုန်းနဲ့ အမေရိကန်အင်ဒီးယန်းလူမျိုး ၄၄ရာခိုင်နှုန်းနေထိုင်ကြတဲ့ နိုင်ငံဖြစ်ပါတယ်။ အခုတော့ မြေပြိုမှုတွေ ဆက်တိုက်ဖြစ်ပွားနေတဲ့အပြင် ရေလွှမ်းမှု၊ မုန်တိုင်းတိုက်ခတ်မှုအပြင် မီးတောင်ပေါက်ကွဲမှု ဘေးအန္တရာယ်နဲ့ပါ ကြုံတွေ့နေရတာမို့ ဂွါတီမာလာနိုင်ငံသားတွေဟာ နေ့တိုင်း ညတိုင်း စိုးရိမ်ပူပန်မှုတွေ ရင်မှာပိုက်ပြီး စိတ္တဇညပေါင်းများစွာကို ဖြတ်သန်းနေကြရကြောင်းပါ....။ ။ **(အင်တာနက်)**



**ဂွါတီမာလာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးကို ကယ်ဆယ်သယ်ဆောင်လာစဉ်။** (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# ယူရို ၂၀၁၂ခြေစစ်ပွဲ အင်္ဂလန်အသင်း ဆက်လက်အောင်ပွဲခံ

➤ မြင့်မောင်စိုး - စုစည်းသည် ➤

လန်ဒန် စက်တင်ဘာ ၈

ယူရို ၂၀၁၂ ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၂)ကို စက်တင်ဘာ ၈ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

## ဦးဆောင်

အင်္ဂလန်အသင်း၏ အဖွင့်ဂိုးကို ပွဲစပြီး ၁၀မိနစ်အကြာ တိုက်စစ်မှူး ရွန်နေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ ရွန်နေ၏ ယခုနှစ်အတွင်း ပထမဆုံးသော နိုင်ငံတကာပွဲမှရသော ဂိုးဖြစ်သည်။ အင်္ဂလန်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေချိန် ဒုတိယပိုင်း ပွဲချိန် ၆၅မိနစ်တွင် ဆွစ်ဇာလန်မှ လက်ချင်ဆီနား နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။

## ချေပဂိုး

ဆွစ်ဇာလန် ကစားသမားတစ်ဦးထွက်ခဲ့ရပြီးနောက် အင်္ဂလန်တို့ တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ အဒမ်ဂျွန်ဆင်က အင်္ဂလန်အသင်းအတွက် ဒုတိယအနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ နည်းပြကာပယ်လိုက ဒဏ်ရာရနေသော ဒေါ်လ်ဆင်နေရာတွင် မန်စီးတီးမှ လက်စကော့အား နောက်တန်းကစားစေခဲ့သည်။ ဆွစ်ဇာလန်တို့ အိမ်ကွင်းတွင် ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၇၁မိနစ်တွင် ရှာဂျရီက ချေပဂိုးသွင်းယူခဲ့သည်။



အင်္ဂလန်အသင်းအောင်ပွဲခံနေစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်္ဂလန်အသင်းအတွက် ပွဲသိမ်းအနိုင်ဂိုးကို ဒါရင်ဘင့်က ပွဲချိန် ၈၈မိနစ်တွင် သွင်းယူပေးခဲ့သည်။ အင်္ဂလန်အသင်းသည် အဖွင့်ပွဲစဉ်တွင် ဘူလ်ဂေးရီးယားအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီးဖြစ်၍ အုပ်စု(G)တွင် ရမှတ် ခြောက်မှတ်ရရှိထားပြီ ဖြစ်သည်။

ထို့အတူ ၂၀၁၀ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြခဲ့သည့် ဂျာမနီအသင်းက အဇာဘိုင်ဂျန်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဂျာမနီအသင်းသည်လည်း အုပ်စု (A) တွင် နှစ်ပွဲဆက်တိုက် အနိုင်ရရှိထားသည်။

## ပြင်သစ်နှင့် ဘော့စနီးယား

အဖွင့်ပွဲစဉ်တွင် မျက်နှာပန်းမလှခဲ့သော ပြင်သစ်အသင်းက ဘော့စနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ပြင်သစ်အသင်းအတွက် အနိုင်ဂိုးများကို ဘင်ဇီမာက အဖွင့်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘင်ဇီမာသည် နိုင်ငံတကာပွဲပေါင်း ၂၆ပွဲကစားခဲ့ရာတွင် ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြင်သစ်အသင်း၏ ဒုတိယဂိုးကို မာလူဒါက သွင်းယူခဲ့သည်။ ပြင်သစ်အသင်းသည် ဖိအားပေးခံနေခဲ့ရာမှ နည်းပြသစ် လောရင့်ဘလန့်လက်ထက်တွင် ပြန်လည်ရှင်သန်လာရန် ပထမဆုံးသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်လာသည်။

## အီတလီဂိုးပြတ်နိုင်

ထိုနေ့က နာမည်ကြီး အီတလီအသင်းကလည်း အိမ်ကွင်း၌ ဖာရိုကျွန်းစု အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ အီတလီအသင်းသည် နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့သဖြင့် အုပ်စု(C)တွင် ရမှတ်ခြောက်မှတ် ပိုင်ဆိုင်ထားပြီဖြစ်သည်။

## အခြားပွဲအနိုင်အရှုံး

| | | |
|---|---|---|
| တူရကီ | ၃ - ၂ | ဘယ်လ်ဂျီယံ |
| သြစတြီးယား | ၂ - ၀ | ကာဇက်စတန် |
| ရုရှား | ၀ - ၁ | ဆလိုဗက်ကီးယား |
| မက်ဆီဒိုးနီးယား | ၂ - ၂ | အာမေးနီးယား |
| အိုင်ယာလန် | ၃ - ၁ | အင်ဒိုရာ |
| ဆားဘီးယား | ၁ - ၁ | ဆလိုဗေးနီးယား |
| ဘီလာရုစ် | ၀ - ၀ | ရိုမေးနီးယား |
| အယ်လ်ဘေးနီးယား | ၁ - ၀ | လူဇင်ဘတ် |
| ဆွီဒင် | ၆ - ၀ | ဆန်မာရီနို |
| ဟန်ဂေရီ | ၂ - ၁ | မော်ဒိုဗာ |
| နယ်သာလန် | ၂ - ၁ | ဖင်လန် |
| ဂျော်ဂျီယာ | ၀ - ၀ | အစ္စရေး |
| မော်လ်တာ | ၀ - ၂ | လတ်ဗီးယား |
| ခရိုအေးရှား | ၀ - ၀ | ဂရိ |
| ဘူလ်ဂေးရီးယား | ၀ - ၁ | မွန်တီနီဂရိုး |
| ဒိန်းမတ် | ၁ - ၀ | အိုက်စလန် |
| နော်ဝေး | ၁ - ၀ | ပေါ်တူဂီ |
| ချက် | ၀ - ၁ | လစ်သူယေးနီးယား |
| စကော့တလန် | ၂ - ၁ | လက်ချင်စတိန်း |

(အင်တာနက်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၉-၂၀၁၀ (ကြာသပတေးနေ့)

### နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅ ၇။ အကပဒေသာ
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ **မီးမီးရဲ့ဆုံးဖြတ်ချက်**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

### ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup(2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ်**(ဧယာဝတီရွှေမြေအသင်းနှင့်ဆောက်သမ်းမြန်မာအသင်း)**
၅:၀၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၁၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၅ ၄။ အတီးပြိုင်ပွဲ
၅:၃၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၄၀ ၆။ တေးဂီတအစီအစဉ်
၅:၅၀ ၇။ ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၂၂) ငြိမ်းချမ်း၊ ညီထက်၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၁။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ)(အပိုင်း-၃၂)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ထာဝရတို့မြေအလှ ဟောမာနေဝင်း (တေးရေး- ပက်ထရစ်မိုးသောက်ပန်း)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (အပိုင်း-၁၉)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇၆)
၁၉။ အစီအစဉ်ပြီး၏။

**ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူးက ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်း ခန်းမ၌ကျင်းပရာ လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး၊ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူးနှင့် အရာရှိ၊ စစ်သည်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူးက အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၁၀ခုနှစ် စက်တင်ဘာ ၉ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ပတ်ယွီချွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



**ဗဟန်းမြို့နယ် မြို့နယ်အဆင့်မြင့် ကျောင်းထူထောင်ရေး ဆင့်ပွားသင်တန်းနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက်က အမက (၁)ဗဟန်း ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး စံပြထူးချွန်ဆုရရှိသော အမက(၁) ဗဟန်းကို ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ဆုချီးမြှင့်စဉ်။** (၁၃၅)

# အနောက်ပိုင်းခရိုင် ဆေးရုံကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၇ရက် နံနက် ၉နာရီက ဆေးရုံကြီးကြပ်ရေးအဖွဲ့ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကျင်းပရာ ရန်ကုန် အနောက်ပိုင်းခရိုင် ဆေးရုံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်သူဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးအောင်နှင့် အလှူရှင် စေတနာရှင်များ တက်ရောက်ကြသည်။

## ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ခရိုင်ဆေးရုံကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး အလှူရှင်စေတနာရှင် ၁၇ဦးက အလှူငွေစုစုပေါင်း ကျပ်၁၆သိန်းနှင့် ၂၁ လက်မတီဗွီတစ်လုံးလှူဒါန်းခဲ့ရာ တာဝန်ရှိသူများကလက်ခံပြီး ဆေးရုံကြီးအလှူငွေ ပိုမိုရရှိရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကိုဆွေးနွေးပြီး ဆေးရုံအတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ (၁၁၁)

# ရန်ကုန်ယူနိုက်တက်ကို ပြိုင်ပွဲက စောစီးစွာထွက်ခွာစေခဲ့တဲ့ ဆောက်သမ်းမြန်မာ

သတင်းမြင့်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် စက်တင်ဘာ ၈

**၂၀၁၀ MFF Max Cement Cup ရှုံးထွက်ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့မှာ ဆက်လက်ကျင်းပရာ ဆောက်သမ်းမြန်မာအသင်းနဲ့ ကမ္ဘောဇအသင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပါတယ်။**

**(သုဝဏ္ဏကွင်း)**

| | | |
|---|---|---|
| **ဆောက်သမ်းမြန်မာ** | - | **နှစ်ဂိုး** |
| **ရန်ကုန်ယူနိုက်တက်** | - | **ဂိုးမရှိ** |

ကွာတားဖိုင်နယ် တက်ရောက်နိုင်ဖို့အတွက် ရန်ကုန်အသင်းဟာ အမာခံကစားသမား အများစုနဲ့ အရန်အသင်းပြိုင်ပွဲမှာ ခြေစွမ်းပြတဲ့ ပြည့်ဖြိုးအောင်နဲ့ တိုက်စစ်မှူးကောင်း စည်သူတို့ကို တွဲဖက်ပွဲထုတ်ခဲ့ပါတယ်။

ပထမပိုင်းမှာ ချာလက်စ်အိုဘီနဲ့ အောင်စည်သူအတွဲ အလုပ်မဖြစ်ခဲ့သလို ဒုတိယပိုင်းမှာ ကျော်သူရနဲ့ လီယိုနာဒိုကို ပွဲထုတ်ပေမယ့် ချေပဂိုး ပြန်မရခဲ့ပါဘူး။ ၄၆မိနစ်မှာ ဒေးဗစ်ဒန်းရဲ့ကန်ချက် တိုင်ထိထွက်ခဲ့လို့ နစ်နာခဲ့ရပါတယ်။ အနိုင်ဂိုးတွေကို ပရင့်က ၈၇မိနစ်နဲ့ မိနစ်၉၀မှာ သွင်းယူခဲ့ပါတယ်။

အခုပွဲ အနိုင်ရခဲ့တဲ့ ဆောက်သမ်းမြန်မာအသင်းဟာ ကွာတားဖိုင်နယ်မှာ မကွေးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာပါ။

**(အောင်ဆန်းကွင်း)**

| | | |
|---|---|---|
| **ကမ္ဘောဇ** | - | **သုံးဂိုး** |
| **ရက္ခပူရ** | - | **ဂိုးမရှိ** |

အပျော်တမ်းပြိုင်ပွဲမှာ အဆင့် (၅)ရခဲ့တဲ့ ရက္ခပူရအသင်းကို ဂိုးပြတ်အနိုင်ရပြီး ကမ္ဘောဇတို့ နောက်တစ်ဆင့်တက်ခဲ့ပါတယ်။ အနိုင်ဂိုးတွေကို ၅မိနစ်မှာ စိုးမြတ်မင်း၊ ၁၄မိနစ်မှာ ခင်မောင်လွင်နဲ့ ၄၄မိနစ်မှာ စိုးမင်းဦးတို့က သွင်းယူခဲ့ပါတယ်။

ကမ္ဘောဇအသင်းဟာ ကွာတားမှာ ကာကွယ်ရေးအသင်းနဲ့ ကစားရမှာပါ။

(၁၁-၉-၂၀၁၀)

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ

**(သုဝဏ္ဏကွင်း)**

**ရန်ကုန်ယူနိုက်တက်- ဥဿာယူနိုက်တက်**

**(ကမ္ဘောဇကွင်း)**

**ကမ္ဘောဇ-ဧယာဝတီရွှေမြေ**

**(ဗထူးကွင်း)**

**ရတနာပုံ-ဇွဲကပင်ယူနိုက်တက်**



**ရန်ကုန်အသင်း ချာလက်စ် အိုဘီ၏ ထိုးဖောက်ဂိုးသွင်းမှုကို ဆောက်သမ်းဂိုးသမား ပြည့်ဖြိုးအောင် နှင့် နောက်ခံလူများ ကာကွယ်စဉ်။**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်၊

(ဂ) အရပ်အမြင့် (၅)ပေ(၃)လက်မ ရှိရမည်၊

(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ ပေါင်(၁၄၀)ထက်မကျော်ရ၊

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ၊

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်၊ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၄-၁၀-၂၀၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်၊

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်၊ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၀-၂၀၁၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည်-

| | | | | |
|---|---|---|---|---|
| (က) | အင်္ဂလိပ်စာ ။ | နံနက် | (၉)နာရီမှ | (၁၀)နာရီထိ၊ |
| (ခ) | ဇီဝဗေဒ ။ | နေ့လယ် | (၁)နာရီမှ | (၃)နာရီထိ၊ |

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်၊

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၁-၁၂-၂၀၁၀ ရက်နေ့မှ ၂၃-၁၂-၂၀၁၀ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်၊ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်၊ အသေးစိတ်သိလိုသောအချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်၊

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀၀ိ/-)၊ ဒုတိယနှစ်(၄၆၀၀၀ိ/-)၊ တတိယနှစ်(၄၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၄၈၀၀၀ိ/-)ရရှိမည်၊

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့, B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့, B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc(Med. Tech)
Bachelor of Paramedical Science(Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့(ဓာတ်မှန်ရိုက်ပညာ) B.P.Sc(Radiography)
Bachelor of Paramedical Science(Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့(ကာယကုသမှုပညာ) B.P.Sc(Physiotherapy)
Bachelor of Paramedical Science(Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်၊

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

# ဖွံ့ဖြိုးမှုဂုဏ်ဒြပ်ကို မြှင့်တင်ပေးနေသည့် ဧရာဝတီတံတား(ရတနာပုံ)

➢ သတင်းစရီးသည် - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)

နေပြည်တော် စက်တင်ဘာ ၈

သဘာဝက လက်ဆောင်ပေးထားသော ဧရာဝတီ။ ဧရာဝတီမြစ်ပေါ် ဖြတ်သန်းဖောက်လုပ်ထားသော တံတား။ တံတားပေါ် မောင်းနှင်နေကြသည့် ကုန်တင်ယာဉ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များ။ စက္ကန့်မျှအချိန်ပင် ကြန့်ကြာမှုမရှိ ဖြတ်သန်းမောင်းနှင်နိုင်မှုက ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုကို လျင်မြန်သွက်လက်စေခဲ့ပြီ။ တံတားထိပ် နဖူးစည်းဆိုင်းဘုတ်၌ ထင်ရှားစွာရေးထိုးထားသည်မှာ ဧရာဝတီတံတား (ရတနာပုံ)။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐



ဧရာဝတီတံတား(ရတနာပုံ)၏ ဒီဇိုင်းလှပဆန်းသစ်မှုနှင့် ခိုင်ခံ့မှု မြင်ကွင်းအလှ····။